မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်၊ စနေနေ့၊ အတွဲ (၅၀)၊ အမှတ် (၉၃)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
ကျူးဘားနိုင်ငံသမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၁

၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ကျရောက်သော ကျူးဘားသမ္မတနိုင်ငံ၏ နှစ်ပတ်လည် လွတ်မြောက်ရေးနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ကျူးဘားသမ္မတနိုင်ငံသမ္မတ မစ္စတာ ရာအူးလ် ကတ်စထရို ရုဇ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

လွတ်လပ်ရေးကို မြတ်နိုးသောစိတ်ဓာတ်

မြန်မာ့သမိုင်းစဉ်တစ်လျှောက်၌ မြန်မာနိုင်ငံသားတို့၏ လွတ်လပ်ရေးကို မြတ်နိုးသော စိတ်ဓာတ်သာမက လွတ်လပ်ရေးကို ထိန်းသိမ်းစောင့်ရှောက်သော စိတ်ဓာတ်တို့မှာ ခိုင်မာထင်ရှားခဲ့ပြီးဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာမှ -

မိန့်ခွန်းပြောကြား

ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၈) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။
(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့ အချိန်နဲ့အမျှ ကြိုးပမ်းခဲ့
ယခုအခါ တည်ငြိမ်အေးချမ်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုမှတ်တိုင်တွေ ဘက်စုံကဏ္ဍစုံမှ စိုက်ထူနိုင်ခဲ့ပြီ
ဒါဟာ ပြည်သူတွေအပေါ်မှာထားရှိတဲ့ တပ်မတော်ရဲ့ စေတနာနဲ့ တာဝန်ကျေပွန်မှုပဲဖြစ်

နေပြည်တော် ဒီဇင်ဘာ ၃၁

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်သင်တန်း အမှတ်စဉ်(၈) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

ရဲဘော်တို့ -

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်သင်တန်း အမှတ်စဉ်(၈)ရဲ့ သင်တန်းဆင်းပွဲအခမ်းအနားမှာ သိသင့်သိထိုက်တာတွေကို အလေးအနက် မှာကြားသွားမှာဖြစ်တယ်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

မြန်မာ့အလင်း **အယ်ဒီတာ့ အာဘော်** (၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁ ရက်)

နိုင်ငံတော်သစ်ဆီသို့ လက်တွဲညီညီ လျှောက်လှမ်းချီတက်ကြမည်

ယနေ့ဇန်နဝါရီလ ၁ရက်နေ့သည် ၂၀၁၁ခုနှစ်အတွင်း စတင်ဝင်ရောက်ခဲ့သည့် နှစ်ဦးမင်္ဂလာနေ့ရက် ဖြစ်သည်။ နှစ်ဦးမင်္ဂလာ အခါသမယဖြစ်သော ယနေ့တွင် တိုင်းရင်းသားပြည်သူအားလုံးတည်ငြိမ်ခြင်း၊ အေးချမ်းခြင်း၊ သာယာချမ်းမြေ့ပျော်ရွှင်ခြင်းနှင့် ပြည့်စုံကြပါစေကြောင်း မြန်မာ့အလင်းက ဆုတောင်းမေတ္တာပြု အပ်ပါသည်။

တိုင်းရင်းသားပြည်သူအပေါင်းတို့သည် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ တက်လှမ်းချီတက်ရာတွင် စိတ်သစ်၊ လူသစ်ဖြင့်ပါဝင်လျက် နိုင်ငံတော်၏ကောင်းကျိုးအဖြာဖြာကို ဆတက်ထမ်းပိုး သယ်ပိုးရွက်ဆောင် နိုင်ကြပါစေကြောင်း ထပ်လောင်းဆန္ဒပြုအပ်ပါသည်။

ပြည်ထောင်စုတစ်ဝန်းရှိ တိုင်းရင်းသားပြည်သူများသည် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံလျက် ချစ်ခင်စည်းလုံးစွာ ဥမကွဲသိုက်မပျက် အပြန်အလှန် စာနာနားလည်မှု၊ ချစ်ကြည်ရင်းနှီးမှုဖြင့် အတူတကွ ပူးပေါင်းနေထိုင်လျက် ရှိကြသည်။ တိုင်းရင်းသားပြည်သူတို့သည် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဟူသည့် ဗြဟ္မစိုရ်တရားလေးပါးကို လက်ကိုင်ထားပြီး မြတ်သောအကျင့် မြင့်သောစိတ်ကူးများဖြင့် နှစ်သစ် အခါသမယမှစ၍ ကျင့်ကြံနေထိုင်သွားကြရန် အကြံပြုရပါသည်။

စိတ်ထားဖြူစင်သန့်ရှင်းစွာနှင့် နေထိုင်လုပ်ကိုင်သူတိုင်း ကြီးပွားတိုးတက်မည်ဖြစ်သည်။ သို့ဖြစ်ရာ မိမိလည်းအကျိုးရှိ အများအတွက်လည်း အကျိုးရှိသော အလုပ်တို့ကို ရွေးချယ်ကြိုးပမ်း ဆောင်ရွက်ကြရမည် ဖြစ်သည်။

လူနေမှုပတ်ဝန်းကျင် အသိုင်းအဝိုင်းတွင် ရည်မှန်းချက်ပန်းတိုင်ထားရှိကာ ဦးတည်ဆောင်ရွက်ရင်း ကျင့်ဝတ်စည်းကမ်းတို့ကို သိရှိလိုက်နာ ဆောင်ရွက်ခြင်းဖြင့် စီးပွားရေး၊ လူမှုရေး၊ ကုသိုလ်ရေး ကဏ္ဍ အသီးသီးတို့၌ အောင်မြင်မှုရရှိကြမည်ဖြစ်သည်။

မင်္ဂလာရှိသည့် နှစ်ဦးအချိန်မှစပြီး တစ်ဦးနှင့်တစ်ဦး ချစ်ချစ်ခင်ခင်နှင့် အပြစ်မမြင်ဘဲ နားလည်မှု၊ ခွင့်လွှတ်မှုတို့နှင့်အတူ မိမိတို့၏ လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရမည်ဖြစ်သည်။ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ကြရာတွင် စီးပွားရေးလုပ်ငန်းဖြစ်စေ၊ အစိုးရအမှုထမ်းတာဝန်ဖြစ်စေ ရိုးသားမှု၊ ကြိုးစားမှု၊ စိတ်ဓာတ်ကောင်းမှု၊ သစ္စာရှိမှုတို့သည် အရေးကြီးသောအခြေခံအကြောင်းအချက်များပင် ဖြစ်သည်။

ထို့ကြောင့် တိုင်းရင်းသားပြည်သူအပေါင်းတို့သည် နှစ်ဟောင်း၌ပြုခဲ့သော လုပ်ငန်းဆောင်တာ မှန်သမျှကို ပြန်လည်သုံးသပ်ကာ အနာဂတ်ကာလ ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လူသစ်၊ စိတ်သစ်၊ ချစ်ခင်စည်းလုံးမှုအင်အားတို့ဖြင့် လက်တွဲညီညီ လျှောက်လှမ်းသွားကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါ သည်။ ။



ရမည်းသင်းမြို့နယ်၌ ချည်မျှင်ရှည်ဝါစက်ကွက်ကောက်သိမ်း

ရမည်းသင်း ဒီဇင်ဘာ ၃၁

ရမည်းသင်းခရိုင် ရမည်းသင်း မြို့နယ်တွင် မိုးနှောင်းငွေချည်(၆) ချည်မျှင်ရှည်ဝါ စက်ကွက် ကောက်သိမ်း ခြင်းကို ဒီဇင်ဘာ၂၈ရက်က မြင်းနား ကျေးရွာအုပ်စု၌ ကျင်းပသည်။

ထွက်ရှိ

အဆိုပါ မိုးနှောင်းငွေချည်(၆) ချည်မျှင်ရှည်ဝါ စက်ကွက်ကောက်သိမ်း ကွင်းသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထူးလွင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သက်လွင်နှင့် ခရိုင်အဆင့်၊ မြို့နယ် အဆင့်စိုက်ပျိုးရေး ကြီးကြပ်မှု ကော်မတီများ တက်ရောက်ကြပြီး ကွင်းအမှတ်(၁၁၄၂/ခ)ရှိ တောင်သူ ဦးမောင်တုပ်၏ မိုးနှောင်းငွေချည်(၆) ချည်မျှင်ရှည်ဝါ ၁ ဒသမ ၅၀ ဧက ကို စက်ကွက်ကောက်သိမ်းရာ တစ်ဧက လျှင် ၁၄၀၉ ဒသမ ၆၀ပိဿာနှုန်း ထွက်ရှိကြောင်းသိရသည်။ **(အပေါ်ပုံ)**

(ခရိုင် ပြန်/ဆက်)

မော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးရှေ့တွင် အနေးယာဉ်များ စည်းကမ်းတကျ ရပ်နားစေရေးအတွက် ဒုတိယဦးစီးမှူး (အခွန်) ဒေါ်ကျော့ကျော့သီနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ ဒီဇင်ဘာ ၁၅ရက်က ကွင်းဆင်း ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပြည်သူ့သဘောထား

- ✻ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✻ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အေးသာယာမြို့၌ လမ်းသစ်ဖွင့်ပွဲ တိုင်းမှူး ဗိုလ်မှူးချုပ်ဆန်းဦး တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၃၁

ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၂၅ရက် နံနက်ပိုင်းက တောင်ကြီးမြို့ မြို့မဈေးကြီးရှေ့၌ ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာန ချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဆန်းဦး၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ပါဝင်ဆင်နွှဲပြီး စုပေါင်းလမ်းလျှောက်ကြကာ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ လေ့ကျင့်ကြ သည်။

တိုင်းမှူးသည် ဒီဇင်ဘာ ၂၇ ရက်က အေးသာယာမြို့၌ ကျင်းပသည့် လမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရာ တာဝန်ရှိသူများက လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးက လမ်းသစ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ လမ်းတစ်လျှောက် ဖြတ်သန်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဂရပ်ဖစ်ဒီဇိုင်း သင်တန်းဖွင့်မည်

ရန်ကုန် ဒီဇင်ဘာ ၃၁

Graphic Design များသည် အရေးပါနေသောကြောင့် အရည်အချင်းပြည့်ဝသော Graphic Designer များကို မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်၍ Gusto ကွန်ပျူတာ နည်းပညာ သင်တန်းကျောင်းမှ Graphic Design Course ကို ဖွင့်လှစ်ခြင်းဖြစ်သည်။

၎င်းသင်တန်းတွင် Technical Skills များသာမက Design တစ်ခု၏ အခြေခံစဉ်းစားပုံ စဉ်းစားနည်း (Conceptual Skills) များကိုပါ သင်ကြားပေးမည်ဖြစ်သည်။ Design Theory များ၊ Color Theory များကို အနှစ်သာရရှိရှိ လေ့လာရမည်ဖြစ်သည်။ ထို့အပြင် Design Software များကို ကိုယ်တိုင်အစအဆုံး ပြုလုပ်နိုင်စေရန်အတွက် Design Theory များ၊ Color Principle များကို အနှစ်သာရပြည့်ဝစွာ နားလည်စေရန် စာတွေ့၊ လက်တွေ့များဖြင့် စနစ်တကျ သင်ကြားလေ့ကျင့်ပေး မည်ဖြစ်ကြောင်းသိရသည်။

သင်တန်းကို ၂၀၁၁ခုနှစ် ဇန်နဝါရီလအတွင်း စတင်ဖွင့်လှစ်မည် ဖြစ်ပြီး သင်တန်းကာလမှာ သုံးလ ကြာမြင့်မည်ဖြစ်ကာ တစ်ပတ်လျှင် နှစ်ရက် တက်ရောက်သင်ကြားရမည် ဖြစ်သည်။ သင်တန်းသား ဦးရေ ၁၅ ဦးသာ ကန့်သတ်ထားရာ တက်ရောက်လိုသူများအနေဖြင့် ဒီဇင်ဘာ ၃၁ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင် သည်။

စိတ်ပါဝင်စားသူများ အနေဖြင့် Gusto ကွန်ပျူတာ နည်းပညာသင်တန်းကျောင်း အမှတ် ၂၆ ၁၄လမ်း (အောက်ဘလောက်) လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၂၄၄၉၆နှင့် ၀၉-၈၆၂၈၈၀၆တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဒီဇင်ဘာ ၂၅ရက်က ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) အားကစားပြိုင်ပွဲရုံ၌ကျင်းပသော (၁၆)ကြိမ်မြောက် ဝန်ကြီးဌာနပေါင်းစုံ မြန်မာသိုင်းပြိုင်ပွဲတွင် စွယ်စုံတံခွန်စိုက်ဆုရရှိသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းအား မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ဒုတိယရဲမှူးကြီးမောင်မောင်အေး စွယ်စုံတံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်စဉ်။ (သိုင်းအဖွဲ့ချုပ်)

ရန်ကုန် ဒီဇင်ဘာ ၃၁

ဇန်နဝါရီ ၁ရက်မှ ၄ရက်အထိ တပ်မတော်ခန်းမ၌ ကျင်းပမည့် Housing, Living & Furniture ပြပွဲတွင် Three Friends Construction Co.,Ltd.Sale & Distribution Department က အိမ်တွင်းအလှဆင်ပစ္စည်း အမျိုးအစားစုံလင်စွာ

Three Friends Construction Co.,Ltd. အိမ်တွင်းအလှဆင်ပစ္စည်းများပြသမည်

ပါဝင်ပြသမည်ဖြစ်သည်။ အိမ်ကြမ်းခင်း အလှဆင်ရာတွင် ခေတ်စားနေသော လာမီနိတ်ကြမ်းခင်းပြားများ (Leminated Floor) ကို တစ်ကြိမ်တစ်ခါသာရရှိနိုင်မည့် အထူးအခွင့်အရေးအဖြစ် ၁၀ပေပတ်လည် တစ်ကျင်းအပြီးအစီးကို ငွေကျပ် ၈၉၉၅၀ဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

ရောင်းချပေး

ထို့အပြင် နံရံကပ်ဝေါလ်ပေပါများကို 25% Discount၊ အခန်းတွင်း Furniture များပြုလုပ်ရာတွင် သုံးသော MDF Board၊ Chip Board များကို 5% Discount၊ သစ်၊ အလူမီနီယံ အစားထိုးအသုံးပြုနိုင်သော UPVC Door & Window များ 25% Discount ဖြင့် အထူးအစီအစဉ်ဖြင့် ရောင်းချပေးမည်ဖြစ်သည်။

အထူးပစ္စည်းအသစ်အနေဖြင့် မိမိအိမ်နံရံကို သုတ်ဆေးသာ အသုံးပြုလိုသူများအတွက် ပန်းချီကားကဲ့သို့ ချယ်သဖန်တီးနိုင်သော သုတ်ဆေးအသစ်တစ်မျိုးဖြစ်သော ပန်းထိုးပန်းချီဆေး (Shading Flower Paint) ကို မိတ်ဆက်ပေးမည်ဖြစ်သည်။

Three Friends Construction ၏ Sale & Distribution Department ၏ ပြခန်းတွင် Door & Window & Furniture Accessories များကိုလည်း 5% Discount ဖြင့် ရောင်းချပေးမည်ဖြစ်သည်။

ဆက်သွယ်နိုင်

အသေးစိတ်သိရှိလိုပါက Three Friends Construction Co.,Ltd. Sale & Distribution Department၏ ပြပွဲဝင်ပေါက် ညာဘက်ထိပ်ရှိ ပြခန်းတွင် လာရောက်ကြည့်ရှုဝယ်ယူနိုင်ပြီး ဖုန်း- ၀၉-၈၇၂၁၁၁၃၊ ၀၉-၅၁၅၄၈၅၃၊ ၀၉-၅၁၅၅၀၃၇ နှင့် ၀၉-၅၀၈၈၀၀၂တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

တပ်မတော်ဟာ နိုင်ငံတော်မှာ အရေးကြုံတိုင်း ပြည်သူ့ရှေ့က မားမားမတ်မတ်ရပ်တည်ခဲ့ ပြည်သူကို စောင့်ရှောက်ကာကွယ်ရင်း ဖြစ်ပေါ်လာမယ့် အစိုးရအဆက်ဆက်ကို ဝိုင်းဝန်းကူညီ

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာ တက္ကသိုလ် သင်တန်းအမှတ်စဉ်(၈)မှ အကောင်းဆုံး သင်တန်းသားဆုရ သင်တန်းသား စောပြည့်သူအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာ တက္ကသိုလ် သင်တန်းအမှတ်စဉ်(၈)မှ လေ့ကျင့်ရေးထူးချွန်ဆုရသင်တန်းသား ရာဇာမိုးထွန်းအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာ တက္ကသိုလ် သင်တန်းအမှတ်စဉ်(၈)မှ စာပေထူးချွန်ဆုရ သင်တန်းသား ပြည့်သက်ထွန်းအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

တက်ရောက် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၈) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

✻ ရှေ့ဖုံးမှ

ရဲဘော်တို့ -

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ရဲ့ ရည်ရွယ်ချက်ဟာ **ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်မည့် အမျိုးသားတပ်မတော်အတွက် လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသော တပ်မတော်သူနာပြုများ၊ ဆေးဘက်ပညာသည်များနဲ့ ဆေးဝါးကျွမ်းကျင်သူများကို မွေးထုတ်ပေးရန်** ဖြစ်တယ်။

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ကို ၂၀၀၀ ပြည့်နှစ်မှာ တပ်မတော်သူနာပြုတက္ကသိုလ်အဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၀၂ခုနှစ်မှာ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်အဖြစ် တိုးချဲ့ဖွဲ့စည်းပေးခဲ့တယ်။ ယခုဆိုရင် ရဲဘော်တို့အပါအဝင် ကျောင်းဆင်းအင်အားဟာ ၂၀၀၀ ကျော်ပြီ ဖြစ်တယ်။ ထို့အတူပဲ ပထမနှစ်ကနေ တတိယနှစ်အထိ ဆက်လက်တက်ရောက်ဆဲ အင်အားဟာ ၉၅၀ကျော်ရှိတယ်။

ဒီတက္ကသိုလ်မှာ ပညာရပ်ဆိုင်ရာဌာနပေါင်း နှစ်ဆယ်ကျော်ဖွင့်လှစ်ပေးထားပြီး ဝိဇ္ဇာနဲ့သိပ္ပံဆိုင်ရာ အခြေခံဘာသာရပ်များ၊ ကွန်ပျူတာသိပ္ပံပညာများနဲ့ အထူးပြုဘာသာရပ်တွေအဖြစ် သူနာပြုသိပ္ပံဘာသာရပ်၊ ဆေးဝါးကျွမ်းကျင်မှု သိပ္ပံဘာသာရပ်၊ ဆေးဘက်ပညာ (ရောဂါရှာဖွေရေး)၊ ဆေးဘက်ပညာ(ခါတ်မှန်ရိုက်)၊ ဆေးဘက်ပညာ(ကာယကုသ)တို့ကို သင်ကြားလေ့ကျင့်ပေးလျက်ရှိတယ်။

ထို့အတူပဲ မဟာဘွဲ့သင်တန်းတွေကို ဖွင့်လှစ်ပေးလျက်ရှိရာမှာ မဟာဘွဲ့ရရှိပြီးသူ ၅၈ဦးနဲ့ တက်ရောက်ဆဲ ၁၈၇ဦး ရှိပြီဖြစ်တယ်။ ထူးချွန်သူများကို ပြည်ပမှာ ဘွဲ့လွန်သင်တန်းတွေ တက်ရောက်စေလျက်ရှိတာကြောင့် ရဲဘော်တို့အနေနဲ့ ကြိုးစားကြဖို့ တိုက်တွန်းပြောကြားလိုတယ်။

ရဲဘော်တို့ -

ဒို့တပ်မတော်ဟာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးကို အမြဲတမ်းဦးထိပ်ပန်ဆင်သော တပ်မတော်၊ စည်းကမ်းကောင်းသော တပ်မတော်၊ သစ္စာရှိသော တပ်မတော်၊ စည်းလုံးညီညွတ်သော တပ်မတော်၊ စွမ်းရည်ရှိသော တပ်မတော် စသည်ဖြင့် တပ်မတော်ရဲ့ မွန်မြတ်တဲ့အစဉ်အလာ ၁၂ပါးနဲ့ ပြည့်စုံခဲ့တာကို တွေ့ရလိမ့်မယ်။

ဒို့တပ်မတော်သားတွေဟာ ဒီအစဉ်အလာတွေကို အသက်သွေးချွေးနဲ့ ပေးဆပ်ပြီး သယ်ပိုးခဲ့ကြရတာ ဖြစ်တယ်။ တပ်မတော်ဟာ ဒီလိုအစဉ်အလာကောင်းတွေနဲ့ ပြည့်စုံလို့လည်း နိုင်ငံတော်မှာ အရေးကြုံတိုင်း ပြည်သူ့ရှေ့က မားမားမတ်မတ် ရပ်တည်နိုင်ခဲ့တာဖြစ်တယ်။ အနာဂတ်ကာလမှာ တပ်မတော်ဟာ မွန်မြတ်တဲ့ အစဉ်အလာတွေနဲ့ ဆက်လက်ရပ်တည်သွားနိုင်ဖို့အတွက် လက်ဆင့်ကမ်းသယ်ပိုးထမ်းဆောင်ရေးဟာ ရဲဘော်တို့ရဲ့တာဝန်ဖြစ်ကြောင်း ပြောကြားလိုတယ်။

ရဲဘော်တို့-

စစ်သည်တော် ဘဝကိုခံယူပြီးဖြစ်တဲ့ ရဲဘော်တို့ဟာ နယ်ဘက်ဥပဒေတွေကိုသာမက စစ်ဘက်ဥပဒေနဲ့ စစ်စည်းကမ်းတွေကိုလဲ လိုက်နာကြရမယ်။ ထို့အတူပဲ စစ်သည်တော်တိုင်း တစ်ဦးချင်းပြုကျင့်ရမယ့် ကျင့်ဝတ်၊ အကြီးအကဲများအပေါ်ပြုကျင့်ရမယ့်ကျင့်ဝတ်၊ ပြည်သူလူထုအပေါ်ပြုကျင့်ရမယ့်ကျင့်ဝတ် စတဲ့ ကျင့်ဝတ်(၆၀)ကို မိမိတို့ရဲ့ ပင်ကိုမူလစရိုက် ဖြစ်လာသည်အထိ ကျင့်ကြံကြရမယ်။

ရဲဘော်တို့ဟာ ဆောင်ရန်နဲ့ ရှောင်ရန်ကို ကွဲကွဲပြားပြားနားလည်ပြီး စွဲစွဲမြဲမြဲလိုက်နာခြင်းအားဖြင့် ဥပဒေကိုရိုသေတဲ့ နိုင်ငံ့သားကောင်းတွေ ဖြစ်လာကြလိမ့်မှာ ဖြစ်တယ်။

သူနာပြုနဲ့ ဆေးဘက်ပညာသည်တွေဖြစ်ကြတဲ့ ရဲဘော်တို့ဟာ ကိုယ်ကျင့်သိက္ခာနဲ့ပတ်သက်လာရင် သာမန်ထက်ပိုပြီး စောင့်ထိန်းကြဖို့လိုတယ်။ ဆေးဝါးကုသရေးဆိုင်ရာ ပုဂ္ဂိုလ်တွေဟာ ကိုယ်ကျင့်သီလ မကောင်းရင် ကျဆုံးသွားတတ်ကြောင်း ပြောကြားလိုတယ်။

ရဲဘော်တို့ -

ရဲဘော်တို့ဟာ ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ဖို့အတွက် တိုက်ပွဲဝင်တပ်မတော်သားများလည်း ဖြစ်ကြရမယ်။ ရဲဘော်တို့ကို တပ်စုမှူးအဆင့် စစ်ပညာနဲ့စစ်ဘက်ခေါင်းဆောင်မှု သဘောတရားတွေကို သင်ကြားလေ့ကျင့်ပေးခဲ့ပြီးဖြစ်တယ်။ ထို့အတူပဲ ခြေလျင်တပ်စုမှူးသင်တန်း၊ ခြေလျင်တပ်ခွဲမှူးသင်တန်းနဲ့ ခြေလျင်တပ်ရင်းမှူးသင်တန်းတွေကို အဆင့်နဲ့လျော်ညီစွာ ဆက်လက်တက်ရောက်ကြရဦးမှာ ဖြစ်တယ်။ ခြေလျင်တပ်တွေနဲ့အတူ တာဝန်ထမ်းဆောင်ကြရမယ့် ရဲဘော်တို့ဟာ စစ်ပညာသင်တန်းတွေကို တက်ခွင့်ရတဲ့အခါ ဇွဲနဲ့မာန်နဲ့ ကြိုးစားကြဖို့ မှာကြားလိုတယ်။

ရဲဘော်တို့ -

ယနေ့ခေတ်မှာ သိပ္ပံနဲ့နည်းပညာတွေဟာ အရှိန်အဟုန်ကြီးမားစွာ တိုးတက်နေတယ်။ နယ်ပယ်အားလုံးမှာ နည်းပညာတွေဖွံ့ဖြိုးလာသလို စစ်ဘက်ဆိုင်ရာနဲ့ ဆေးဘက်ဆိုင်ရာမှာလည်း တီထွင်ကြံဆမှုတွေ အများအပြားဖြစ်ပေါ်လျက်ရှိတယ်။

တပ်မတော်သား ဆေးဘက်ပညာရှင်များဖြစ်တဲ့ ရဲဘော်တို့ဟာ ခေတ်မီဆန်းပြားလာတဲ့ လက်နက်တွေကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ ထိခိုက်မှုနဲ့ ဒဏ်ရာရမှုတွေကို ကြိုတင်သိရှိထားဖို့လိုတဲ့အတွက် စစ်ပညာနဲ့ဆေးပညာကို ယှဉ်တွဲပြီး အမြဲတမ်းလေ့လာနေကြရမှာဖြစ်တယ်။ ပညာခေတ်မှာ အစဉ်အမြဲ သင်ယူနေမှသာ တန်ကာကျမှာဖြစ်တဲ့အတွက် မိမိတို့ရဲ့အချိန်ကို ပညာအတွက် တန်ဖိုးရှိစွာ အသုံးချကြရမှာဖြစ်တယ်။

ရဲဘော်တို့ -

ဒို့နိုင်ငံမှာ နိုင်ငံတော်ရဲ့တာဝန်ကို တပ်မတော်ကယူခဲ့ရပြီးနောက် တပ်မတော်သားတွေဟာ နိုင်ငံတော်ကြီးအေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့အတွက် အချိန်နဲ့အမျှ ကြိုးပမ်းခဲ့ကြရတယ်။***စာမျက်နှာ ၄ ကော်လံ ၁***

1-1 (03).pmd 1 1/1/2011, 2:05 AM

ချီတက် အလေးပြု

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား သင်တန်းတပ်ခွဲများက ချီတက်အလေးပြုကြစဉ်။

(သတင်းစဉ်)

စာမျက်နှာ ၃ မှ

ဒါကြောင့်လည်း ယခုအခါ တည်ငြိမ်အေးချမ်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုမှတ်တိုင်တွေကို ဘက်စုံကဏ္ဍစုံမှာ ထူနိုင်ခဲ့ပြီဖြစ်တယ်။ ဒါဟာပြည်သူတွေအပေါ်မှာထားရှိတဲ့ တပ်မတော်ရဲ့ စေတနာနဲ့ တာဝန်ကျေပွန်မှုပဲ ဖြစ်တယ်။

နိုင်ငံတော်မှာ ဒီမိုကရေစီကျင့်စဉ်ကို အဆင်ပြေချောမွေ့စွာ ကူးပြောင်းကျင့်သုံးနိုင်ဖို့အတွက် နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ်ချမှတ်ပြီး ခရီးဆုံးအထိ ပို့ဆောင်ပေးလျက်ရှိတယ်။ ယခုအခါ အထွေထွေရွေးကောက်ပွဲကြီးကို တည်ငြိမ်အေးချမ်းစွာနဲ့ စနစ်ကျမှန်ကန်စွာ ကျင်းပပေးခဲ့ပြီးဖြစ်တယ်။ ရှေးယခင်ကာလတွေတုန်းက ဒို့နိုင်ငံမှာ ရွေးကောက်ပွဲဆိုင်ရာအကြမ်းဖက်မှုတွေဟာ အနည်းနဲ့အများဆိုသလို ဖြစ်ပေါ်ခဲ့ဖူးသော်လည်း ယခုလိုအကြမ်းဖက်မှု၊ ခြိမ်းခြောက်မှုကင်းရှင်းစွာနဲ့ ပြည်သူတွေ အေးအေးချမ်းချမ်းလွတ်လွတ်လပ်လပ် ဆန္ဒမဲပေးခွင့်ရအောင် ရွေးကောက်ပွဲကို အောင်အောင်မြင်မြင်ကျင်းပပေးနိုင်ခြင်းဟာ ဒို့နိုင်ငံနဲ့ နိုင်ငံသားတွေအတွက် ဂုဏ်ယူဖွယ်ရာဖြစ်တယ်။

ထို့အတူပဲ တပ်မတော်ဟာ ပြည်သူကို စောင့်ရှောက်ကာကွယ်ရင်းဖြစ်ပေါ်လာမယ့် အစိုးရအဆက်ဆက်ကို ဝိုင်းဝန်းကူညီဆောင်ရွက်သွားရမှာဖြစ်ကြောင်း ပြောကြားလိုတယ်။

ရဲဘော်တို့ -

နိဂုံးချုပ်အားဖြင့် ပြောကြားရရင် -

- **ဒို့တာဝန်အရေးသုံးပါးကို အစဉ်အမြဲဦးထိပ်ပန်ဆင်ကြပါ။**
- **တပ်မတော်ရဲ့ မွန်မြတ်တဲ့အစဉ်အလာ(၁၂)ရပ်ကို ဆက်လက်သယ်ပိုးထမ်းဆောင်ကြပါ။**
- **သက်ဆိုင်ရာဥပဒေတွေ၊ စည်းကမ်းတွေကို ရိုသေလိုက်နာတဲ့အပြင် ကျင့်ဝတ်(၆၀)ကို မိမိတို့ရဲ့ ပင်ကိုမူလစရိုက် ဖြစ်လာသည်အထိ ကြိုးပမ်းကျင့်ကြံကြပါ။**
- **စစ်ပညာနဲ့ ဆေးပညာကို ခေတ်နဲ့ရင်ပေါင်တန်းနိုင်အောင် ယှဉ်တွဲလေ့လာကြပါလို့မှာကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်ဆေးတက္ကသိုလ် ပင်မစာသင်ဆောင်ရှိ ဧည့်ခန်းမဆောင်၌ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ် (၈)မှ ထူးချွန်ဆုရရှိကြသည့် သင်တန်းသား သုံးဦးနှင့် မိဘများအား ဂုဏ်ပြုချီးမြှင့်စကား ပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ကျူးဘားနိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၁

၂၀၁၁ခုနှစ် ဇန်နဝါရီ ၁ရက်တွင် ကျရောက်သော ကျူးဘားသမ္မတနိုင်ငံ၏ နှစ်ပတ်လည်လွတ်မြောက်ရေးနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းထံမှ ကျူးဘားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဘရူနို ရိုဒရီဂွဲဇ် ပါရီးလားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၁-၁-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၄	၃။	နိုင်ငံတော်သီချင်း
၇:၀၅	၄။	တရားတော်
၇:၂၀	၅။	ဓမ္မပူဇာတေး
၇:၂၅	၆။	မျိုးချစ်တပ်မတော်
၇:၃၀	၇။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၄၀	၈။	မြန်မာသံစဉ်ချိုနားဝင်
၇:၅၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၁၀။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၁၁။	မြဝတီရုပ်မြင်သံကြား သတင်း
၈:၁၀	၁၂။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁:၀၀	၁။	မြဝတီအဖွင့်
၁၁:၀၅	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၁၁:၁၀	၃။	နိုင်ငံတော်သီချင်း
၁၁:၂၀	၄။	အဖွင့်သီချင်း
၁၁:၂၅	၅။	မျိုးချစ်တပ်မတော်
၁၁:၃၀	၆။	ကာတွန်းအစီအစဉ် **ချစ်မိတ်ဆွေဗလကြီး** (အပိုင်း-၁၇)
၁၂:၀၀	၇။	ရုပ်မြင်သံကြားဇာတ်လမ်း **ယောက္ခမရုပ်ရှည်** မြင့်မြတ်၊ စိုးမြတ်သူဇာ၊ မယ်လိုဒီ [ဒါရိုက်တာ-ကျော်ဇောလင်း (အတွေးပုံရိပ်)]
၁၃:၃၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၁၄:၀၀	၉။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်မျက်ရည်လေးပြယ်ပါစေ** (အပိုင်း-၂၈)

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၄:၁၀	၃။	နိုင်ငံတော်သီချင်း
၄:၁၃	၄။	အဖွင့်သီချင်း
၄:၁၅	၅။	ချစ်သူစုံတွဲတူယှဉ်နွဲ
၄:၂၀	၆။	တို့များစုံညီပွဲတော်ဆီ၊ မြန်မာ့ကျောင်း
၄:၃၀	၇။	ကုန်သွယ်သုတ
၄:၃၅	၈။	မျိုးချစ်တပ်မတော်
၄:၄၅	၉။	တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅:၄၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၅:၄၅	၁၁။	ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆:၀၀	၁၂။	မြဝတီရုပ်မြင်သံကြား သတင်း
၆:၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆:၃၀	၁၄။	**စားဖိုဆောင်ချစ်သူ**
၆:၅၀	၁၅။	ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
၇:၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြယ်စင်ညီအစ်မများ** (အပိုင်း-၄၂)
၈:၀၀	၁၇။	မြဝတီရုပ်မြင်သံကြား သတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	နိုင်ငံတကာသတင်း
	၂၀။	မိုးလေဝသသတင်း
	၂၁။	လျှပ်တစ်ပြက်
	၂၂။	လူရွှင်တော်စကား
	၂၃။	အင်္ဂလိပ်စာသုတ
	၂၄။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အပြုံးပန်းလေးရဲ့ ဖန်ဆင်းရှင်** (အပိုင်း-၄၂)
	၂၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အိမ်အပြန်လမ်း** (အပိုင်း-၁၅)

စိန့်ဂျွန်းကျောင်းသားဟောင်းများ တွေ့ဆုံပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၃၁

စိန့်ဂျွန်းကျောင်းသားများ၏ (၁၁၃)ကြိမ်မြောက် မိသားစုနှစ်ပတ်လည် တွေ့ဆုံပွဲကို ရန်ကုန်မြို့ ပန်းဆိုးတန်း ကမ်းနားရှိ နန်းသီတာ ရွှေဘဲစားတော်ဆက်တွင် ၂၀၁၁ခုနှစ် ဇန်နဝါရီလ ၉ရက် (တနင်္ဂနွေနေ့) ညနေ ၅နာရီမှ ၈နာရီအထိ ကျင်းပမည်ဖြစ်ရာ ကျောင်းသားဟောင်းများနှင့် မိသားစုများပါ မပျက်မကွက် တက်ရောက်ကြရန်နှင့် မိတ်ဆုံစားပွဲလက်မှတ်များကို စိန့်ဂျွန်းကျောင်းသားဟောင်းများအသင်း ဗဟိုလမ်း အလုံမြို့နယ် ဦးသန်းညွန့်လွင် ဖုန်း-၀၁-၇၃၀၅၀၄၉၉နှင့် ဦးဇော်ဝင်းဦး ဖုန်း-၀၉-၅၁၁၅၈၃၈၊ ဦးငွေစိုး ဖုန်း-၅၃၉၄၀၉၊ ဦးဖရင့်လှမောင် ဖုန်း-၅၅၄၆၂၂တို့ထံတွင် စုံစမ်းရရှိနိုင်ပြီး ကျင်းပမည့်ရက် ညနေ ၄နာရီမှစ၍ ကျင်းပမည့် နန်းသီတာဆိပ်ကမ်းစားတော်ဆက်တို့တွင် ရရှိနိုင်ကြောင်း သိရှိရသည်။ **(၁၃၅)**

မြို့သစ်မြို့၌ မိုးစပါးစံကွက်ရိတ်သိမ်း

မြို့သစ် ဒီဇင်ဘာ ၃၁

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မကွေးခရိုင် ခရိုင်မန်နေဂျာ ဦးမြင့်ဦးသည် မြို့သစ်မြို့နယ် စိုက်ပျိုးရေးမန်နေဂျာ ဦးဌေးအောင်နှင့်ဝန်ထမ်းများ၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးဌေးဝင်းနှင့်ဝန်ထမ်းများနှင့်အတူ ဒီဇင်ဘာ ၂၅ရက်က မြို့သစ်မြို့နယ် တလုပ်ပင်ကျေးရွာ ကွင်းအမှတ်(၁၂၈၈/ခ) ဦးပိုင်အမှတ်(၃၂) တောင်သူဦးကျော်သိန်း၏ မနောသုခ(တောင်သူမျိုး) စပါးစိုက်ခင်းကို စံကွက်ရိတ်သိမ်းရာ ခြောက်သွေ့ပြီးစပါး တစ်ဧက ၉၂ ဒသမ ၆၃ တင်းနှုန်း ထွက်ရှိပြီး မြို့သစ်မြို့ လယ်ပြင်ရပ် ကွင်းအမှတ်(၁၃၀၃) ဦးပိုင်အမှတ်(၁၁၂/၁)တောင်သူဦးမြင့်ဆွေ၏ မနောသုခ(မျိုးသန့်) စပါးစိုက်ခင်းကို စံကွက်ရိတ်သိမ်းရာ ခြောက်သွေ့ပြီးစပါးတစ်ဧက ၁၀၉ ဒသမ ၇၈တင်းနှုန်း ထွက်ရှိကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ် (၈) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် ဒီဇင်ဘာ ၃၁

တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်သင်တန်း အမှတ်စဉ် (၈) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညနေ ၆နာရီတွင် ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင်ဝင်းအတွင်း၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ တက်ရောက်ချီးမြှင့်ကြသည်။ **(အပေါ်ပုံ)**

တက်ရောက်

အဆိုပါ သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မင်္ဂလာဒုံတပ်နယ်မှူး၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ကျောင်းအုပ်ကြီး၊ အကြံပေးပုဂ္ဂိုလ်များ၊ ပါမောက္ခဌာနကြီးမှူးများ၊ ပါမောက္ခဌာနမှူးများ၊ ကထိကများ၊ ဆရာ ဆရာမများ၊ သင်တန်းဆင်းသင်တန်းသားများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။ သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲ အခမ်းအနားအပြီးတွင် မြဝတီတေးဂီတအဖွဲ့နှင့် မြန်မာနိုင်ငံဂီတအစည်းအရုံးတို့မှ အနုပညာရှင်များက အဆို၊ အကများဖြင့်လည်းကောင်း၊ မြဝတီအငြိမ့်အဖွဲ့က အငြိမ့်ဖြင့်လည်းကောင်း ဖျော်ဖြေကြသည်။ **(သတင်းစဉ်)**

◆ *ကျောဖုံးမှ*

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ၊ ဗိုလ်ချုပ်စိုးဝင်း၊ စစ်ရေးချုပ် ဗိုလ်ချုပ်ခင်ဇော်ဦး၊ တပ်မတော်စစ်ဆေးရေးအရာရှိချုပ် ဗိုလ်ချုပ်သောင်းအေး၊ စစ်ဥပဒေချုပ် ဗိုလ်ချုပ်ရာပြည့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်စိန်ဝင်း၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာကျော်မြင့်နှင့် ဒေါက်တာချမ်းငြိမ်း၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်သိုးထိန်း၊ ညွှန်ကြားရေးမှူးများဖြစ်ကြသည့် ဗိုလ်ချုပ်လှမြင့်၊ ဗိုလ်ချုပ်ကျော်ညွှန့်၊ ဗိုလ်ချုပ်သန်းစိုး၊ ဗိုလ်ချုပ်မောင်မောင်အုန်း၊ ဗိုလ်မှူးချုပ်လှမြင့်၊ ဗိုလ်မှူးချုပ်တင်မောင်ဝင်း၊ ဗိုလ်ချုပ်သန်းဌေး၊ ဗိုလ်ချုပ်စိန်လင်းနှင့် တပ်မတော်အရာရှိကြီးများ၊ မင်္ဂလာဒုံတပ်နယ်မှူး ဗိုလ်မှူးချုပ်ကိုကိုနိုင်၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်နှင့် တပ်နယ်မှတပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထားသော ကျောင်းဆင်းသင်တန်းသားများ၏ မိဘဆွေမျိုးများနှင့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် သင်တန်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူသည်။

သင်တန်းတပ်ခွဲများစစ်ဆေး

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက သင်တန်းတပ်ခွဲများကို စစ်ဆေးသည်။

ယင်းနောက် သင်တန်းတပ်ခွဲများက ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား အနေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်သင်တန်းအမှတ်စဉ်(၈)မှ အကောင်းဆုံးသင်တန်းသားဆုရရှိသူ သင်တန်းသားအမှတ်(၁၅၅၉)သင်တန်းသား စောပြည့်သူ၊ လေ့ကျင့်ရေး ထူးချွန်ဆုရရှိသူ သင်တန်းသားအမှတ်(၁၉၂၄) သင်တန်းသား ရာဇာမိုးထွန်းနှင့် စာပေထူးချွန်ဆုရရှိသူ သင်တန်းသားအမှတ်(၁၈၀၇) သင်တန်းသား ပြည့်သက်ထွန်းတို့အား ဆုများအသီးသီး ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက သင်တန်းတပ်ခွဲများအား မိန့်ခွန်းပြောကြားသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် သင်တန်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသွားသည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

စစ်ရေးပြအခမ်းအနားအပြီးတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် တပ်မတော်ဆေးတက္ကသိုလ်ပင်မစာသင်ဆောင်ရှိ ဧည့်ခန်းမဆောင်၌ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၈)မှ ထူးချွန်ဆုရရှိကြသည့် သင်တန်းသားသုံးဦးနှင့် ယင်းတို့၏ မိဘများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ ဂုဏ်ပြုချီးမြှင့်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(တနင်္ဂနွေနေ့-နံနက်+နေ့လယ်+ည)

၂-၁-၂၀၁၁

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
၇း၀၅	တရားတော် **(မေတ္တာသုတ်+ ဂုဏ်တော်ကွန်ချာ)**
၇း၂၀	ဓမ္မပူဇာတေးပဒေသာ
၇း၂၅	(၃၈)ဖြာမင်္ဂလာ နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန် + သတင်း
၈း၁၀	နံနက်ခင်းတေးပဒေသာ
၈း၂၀	ဘဝအသွင်ကဗျာအမြင် (ဘိုးဘွားအမွေအမြတ်)
၈း၃၅	တေးပဒေသာ
၁၀း၀၀	မင်္ဂလာလက်ဆောင်
၁၀း၂၀	သတင်းစာအာဘော်
၁၀း၃၅	သန့်စွမ်းကျန်းမာ ကိုယ်ခန္ဓာ (မျက်စိနာရောဂါ ကာကွယ်ကုသနည်းများ)
၁၀း၄၀	တေးစီးရီး (မနက်ဖြန်အတွက် အမှတ်တရလေးများ- D ဖြိုး)
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	ဆိုကြပျော်ရွှင်တေးသံစဉ်
၁၂း၀၀	စံတော်ချိန် ကလေးအစီအစဉ် (ကလေးများ၏ လွတ်လပ်ရေးနေ့ဂုဏ်ပြုသီချင်းများ)
၁၂း၁၀	ဘဝတစ်ကွေ့ အတွေ့အကြုံ (တစ်ခြမ်းတည်းမကျော်ပါစေနှင့်)
၁၂း၁၅	နှောင်းခေတ်ရုပ်ရှင်တေးများ
၁၂း၂၀	စာအုပ်စာပေ လူ့မိတ်ဆွေ
၁၂း၅၀	နေ့လယ်ခင်းတေးပဒေသာ
၁၃း၀၀	မွန်းလွဲပိုင်းသတင်း
၁၃း၁၀	တေးပဒေသာ
၁၃း၂၀	အစီအစဉ်ပြီး၏။
၁၆း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၂၀	သောတရှင်လိုရာတေး
၁၇း၀၀	မြတ်နိုးစရာကျေးရွာတေးကဗျာ
၁၇း၂၅	သတင်းစာဆောင်းပါး
၁၇း၃၀	ညနေခင်းတေးပဒေသာ
၁၇း၃၅	တို့မြန်မာဖြေကြားအနုပညာရှင်များ (တက္ကသိုလ် ဂွမ်းပုံ)
၁၈း၀၀	ညနေခင်းသတင်း
၁၈း၁၀	တေးချစ်သူရွေးသီတေးပန်းချီ
၁၈း၃၀	သုတစုံကြွယ် သိစေဖွယ် (ပျားကိုပုံပြ ပျားလိုစု)
၁၈း၄၅	တေးပဒေသာ
၁၉း၀၀	နိုင်ငံတကာသတင်း
၁၉း၁၀	Talk on Line (ရတနာမိုင်) နိုင်ငံရေးဦးတည်ချက်
၁၉း၃၀	တေးပဒေသာ
၂၀း၀၀	ပြည်တွင်းသတင်း စီးပွားရေးဦးတည်ချက်
၂၀း၂၀	ညွန့်ဖွဲ့သီရေးသူ့အလှည့်တေး (ရွှေဂျော်ဂျော်)
၂၀း၄၀	လယ်ယာစီးပွား (မှန်ညင်းပင်စိုက်ပျိုးခြင်း)
၂၀း၅၀	တေးပဒေသာ လူမှုရေးဦးတည်ချက်
၂၁း၀၀	ရင်တွင်းခံစားတေးသီချင်းများ (စုမြတ်လှိုင်)
၂၁း၁၅	ညချမ်းချိန်ခါတေးပဒေသာ
၂၁း၃၀	ခေတ်မရွေးသောတေး
၂၂း၀၀	အစီအစဉ်ပြီး၏။

မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)လုပ်ငန်းညှိနှိုင်း

ပြည် ဒီဇင်ဘာ ၃၁

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း (MANA) ၏ သုံးလပတ်လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဒီဇင်ဘာ ၃၁ရက် နံနက် ၉နာရီက ရုံးလမ်း တိုင်းဒေသကြီး အသင်းရုံးတွင်ကျင်းပရာ အစည်းအဝေးတွင် အသင်းဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားပြီး အသင်း၏ရှေ့လုပ်ငန်းစဉ်များတိုးတက်ဆောင်ရွက်နိုင်ရန် အတွက် တိုင်းဒေသကြီး အလုပ်အမှုဆောင် ဒေါက်တာတင်သိန်း၊ ဒေါက်တာကျော်ဝင်းတို့ကဆွေးနွေးကြပြီး မူးယစ်ဆေးဝါးဆန့်ကျင်ရေး လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို သာယာဝတီခရိုင်ဥက္ကဋ္ဌ ရဲမှူးတင်ရွှေ(ငြိမ်း)နှင့် ပြည်ခရိုင် အတွင်းရေးမှူးရဲအုပ်မြင့်သောင်း(ငြိမ်း) တို့က တင်ပြကြသည်။ လစ်လပ်လျက်ရှိသော တိုင်းဒေသကြီး အလုပ်အမှုဆောင်နေရာတွင် ပြည်မြို့နယ် စာပေနှင့်စာနယ်ဇင်း အဖွဲ့ဘဏ္ဍာရေးမှူးဦးရွှေဝင်းအား တာဝန်ပေးအပ်သည်။ **(မြန်မာ့အလင်း)**

ထူးခြားသည့်ညအပူချိန်များ

၃၁-၁၂-၂၀၁၀

ပင်လောင်းမြို့	၀	ဒီဂရီစင်တီဂရိတ်
ပူတာအိုမြို့	၂	ဒီဂရီစင်တီဂရိတ်
နမ့်စန်မြို့	၂	ဒီဂရီစင်တီဂရိတ်
ဟဲဟိုးမြို့	၂	ဒီဂရီစင်တီဂရိတ်
လွိုင်လင်မြို့	၃	ဒီဂရီစင်တီဂရိတ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်လာသောအခြေခံအဆောက်အအုံများ

လမ်းပန်းဆက်သွယ်ရေးကဏ္ဍ

လမ်းပန်းဆက်သွယ်ရေးအထူးကောင်းမွန်လာသည်နှင့်အမျှ နယ်မြေဒေသမရွေး အချိန်တိုအတွင်း လွယ်ကူလျင်မြန်စွာ ကူးသန်းသွားလာနိုင်ခဲ့ပြီး စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အကျိုးကျေးဇူးများကို လက်တွေ့ခံစားစံစားနိုင်ကြပြီ

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်စေရေးအတွက် အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအဖြစ် မျှော်မှန်းတည်ဆောက်လျက်ရှိရာ အတိတ်ကာလ အမျိုးသားအကျိုးစီးပွားကို ထိခိုက်စေခဲ့သည့် သမိုင်းရေးအမှားဖြစ်စဉ်များအပေါ် သင်ခန်းစာရယူပြီး အနာဂတ်နိုင်ငံတော်သစ်၏ အခြေအနေနှင့်ကိုက်ညီမည့် အခြေခံအဆောက်အအုံများကို အလေးထားကြိုးပမ်းတည်ဆောက်ပေးလျက်ရှိသည်။

နိုင်ငံ၏ သဘာဝပေးပထဝီအနေအထားသည် နယ်မြေဒေသတစ်ခုနှင့်တစ်ခုအကြား ကူးသန်းဆက်သွယ်ရေးအတွက် အကန့်အသတ်အတားအဆီးများသဖွယ် တည်ရှိနေပေရာ ပြည်ထောင်စုတစ်ဝန်းလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးဖော်ဆောင်ရာတွင် အဟန့်အတားသဖွယ် ရှိနေခဲ့သည်။ ထို့ကြောင့် တိုင်းဒေသကြီးများနှင့် ပြည်နယ်များအပါအဝင် ဒေသအားလုံး ဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ကောင်းမွန်ရေးသည် အခြေခံကျကြောင်း ကောင်းစွာသိမြင်ခံယူခဲ့သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ကျေးရွာချင်းဆက်လမ်းများ၊ မြို့နယ်ချင်းဆက်လမ်းများနှင့် ခရိုင်ချင်းဆက်လမ်းများကို အခြေခံပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များအကြား ဆက်သွယ်သွားလာနိုင်သည့် ကားလမ်းမကြီးများ၊ မီးရထားလမ်းများ၊ မြစ်ကူးချောင်းကူးတံတားများကို ကွန်ရက်သဖွယ် ချိတ်ဆက်ဖောက်လုပ်ပေးခဲ့သည်။ ယခုဆိုလျှင် မြောက်ဘက်ဖျား ကချင်ပြည်နယ်မှ တောင်ဘက်စွန်း တနင်္သာရီတိုင်းဒေသကြီးအထိ၊ အနောက်ဘက် ရခိုင်ပြည်နယ်မှ အရှေ့ဘက် ရှမ်းပြည်နယ်အထိ၊ ဧရာဝတီမြစ်အနောက်ဘက်ခြမ်းဒေသများနှင့်ချင်းတောင်ဒေသများမှသည် ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်အထိ နယ်မြေဒေသအသီးသီးသို့ အချိန်တိုအတွင်း လုံခြုံချောမွေ့စွာ ဆက်သွယ်သွားလာနိုင်ကြပြီဖြစ်သည်။ နေပြည်တော်ကိုဗဟိုပြု၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ လွယ်ကူလျင်မြန်စွာ ဆက်သွယ်သွားလာနိုင်စေရေးအတွက် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးကိုလည်း ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။

ယခုအခါလမ်းပန်းဆက်သွယ်ရေး အထူးကောင်းမွန်လာသည်နှင့်အမျှ ပြည်ထောင်စုကြီး၏နယ်မြေဒေသမရွေး အချိန်တိုအတွင်း လွယ်ကူလျင်မြန်စွာ ကူးသန်းသွားလာနိုင်ခဲ့ပြီး ပြည်သူများအနေဖြင့် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အကျိုးကျေးဇူးများကို လက်တွေ့ခံစားစံစားနိုင်ကြပြီဖြစ်သည်။

ထို့ပြင် တိုင်းရင်းသားညီအစ်ကိုမောင်နှမအချင်းချင်း ထိတွေ့ရင်းနှီးမှုများ ပိုမိုရရှိလာကာ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုခိုင်မြဲလာသည်နှင့်အမျှ အနာဂတ်ပြည်ထောင်စုကြီးအတွက် အားသစ်အင်သစ်ကဏ္ဍသစ်များ တိုးတက်ဖြစ်ထွန်းလာမည်မှာ အမှန်ပင်ဖြစ်ပေသည်။

၁၉၈၈ ခုနှစ်မှ ယနေ့အထိ နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်လာသော လမ်း၊ တံတားနှင့် ရထားပို့ဆောင်ရေးကဏ္ဍ

စဉ်	အကြောင်းအရာ	၁၉၈၈	၂၀၁၀	တိုးတက်မှု
၁	**လမ်းလုပ်ငန်း**			
	- ဖောက်လုပ်ပြီးလမ်း (မိုင်)	၁၃၆၃၅	၂၁၃၆၁	၇၇၂၆
	- ဖောက်လုပ်ဆဲလမ်း (မိုင်)	-	၁၈၁၅	၁၈၁၅
၂	**တံတားလုပ်ငန်း**			
	ပေ ၁၈၀နှင့် အထက်			
	- တည်ဆောက်ပြီးတံတား (စင်း)	၁၉၈	၄၄၉	၂၅၁
	- တည်ဆောက်ဆဲတံတား (စင်း)	-	၆၇	၆၇
၃	**ရထားလုပ်ငန်း**			
	- ဖောက်လုပ်ပြီး ရထားလမ်းခရီး(မိုင်)	၁၉၇၆	၃၅၇၉	၁၆၀၃
	- ဖောက်လုပ်ပြီးရထားသံလမ်း (မိုင်)	၂၇၉၃	၄၄၀၂	၁၆၀၉
	- ဖောက်လုပ်ဆဲရထားလမ်းခရီး(မိုင်)	-	၁၇၇၈	၁၇၇၈
	- ဖောက်လုပ်မည့်ရထားလမ်းခရီး(မိုင်)	-	၂၉၇	၂၉၇
	- ဘူတာရုံ	၄၈၇	၈၉၉	၄၁၂

နိုင်ငံတော်က လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုဖြစ်ထွန်းလာစေရန်အတွက် ရထားလမ်းသစ်များ တိုးချဲ့ဖောက်လုပ်ပေးလျက်ရှိရာ ကြံခင်း-ပခုက္ကူလမ်းရှိ သရက်-မင်းလှရထားလမ်းပိုင်းတွင် ခရီးသည်တင်ရထား ဤသို့ ခုတ်မောင်းပြေးဆွဲလျက်ရှိသည်။

(၆၃) နှစ်မြောက် လွတ်လပ်ရေးနေ့ ကြိုဆိုဂုဏ်ပြု
(၆၃) နှစ်မြောက် လွတ်လပ်ရေးနေ့ ကြိုဆိုဂုဏ်ပြု
(၆၃) နှစ်မြောက် လွတ်လပ်ရေးနေ့ ကြိုဆိုဂုဏ်ပြု

၁၉၈၈ ခုနှစ်မှ ယနေ့အထိ ဖွံ့ဖြိုးတိုးတက်လာသော လေကြောင်းနှင့် ရေကြောင်းပို့ဆောင်ရေးကဏ္ဍ

စဉ်	အကြောင်းအရာ	ရေတွက်ပုံ	၁၉၈၈	၂၀၁၀	တိုးတက်မှု
၁။	**လေကြောင်းပို့ဆောင်ရေး**				
	-လေယာဉ်ကွင်း	ကွင်း	၆၆	၆၉	၃
	-ပြေးလမ်း ပေ ၁၀၀၀၀အထက်	ကွင်း	-	၁၁	၁၁
	-ပြေးလမ်း ပေ ၅၀၀၀အထက်	ကွင်း	၂၁	၂၇	၆
	-ပြေးလမ်း ပေ ၅၀၀၀အောက်	ကွင်း	၄၅	၃၁	အဆင့်မြှင့်တင်
၂။	**ရေကြောင်းပို့ဆောင်ရေး**				
	ပြည်တွင်းသင်္ဘော				
	- ဆိပ်ခံတံတား	ခု	၉၂	၁၁၁	၁၉
	- သင်္ဘောကျင်း	ခု	၅	၆	၁
	- ခရီးလမ်းကြောင်း	ခု	၅၃	၆၂	၉
	- ခရီးသည်	သန်း	၁၇.၄၈	၂၅.၇၉	၈.၃၁
	- ခရီးသည်မိုင်	သန်း	၃၄၆.၁၃	၅၄၁.၂၂	၁၉၅.၀၉
	- ကုန်တန်ချိန်	သန်း	၁.၈၉	၃.၆၀	၁.၇၁
	- ကုန်တန်မိုင်	သန်း	၂၄၂.၆၄	၄၀၀.၄၅	၁၅၇.၈၁
	နိုင်ငံခြားသင်္ဘော				
	- ဆိပ်ခံတံတား	ခု	၁၃	၂၈	၁၅
	- သင်္ဘော (ကမ်းရိုးတန်း၊ ပြည်ပ)	စင်း	၁၄	၂၅	၁၁
	- ကုန်းတွင်း ကုန်သေတ္တာလွှင်ပြင်နှင့် ကုန်သေတ္တာစခန်း	ခု	-	၃	၃

မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်

နိုင်ငံတကာလေယာဉ်ကြီးများ ဆင်းတက်နိုင်သည်အထိ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်ကို ဤသို့ ခံ့ညားထည်ဝါစွာ တည်ဆောက်ထားသည်။

(သတင်းစဉ်)

သင်္ဘောပေါ်သို့ ကုန်သေတ္တာများ တင်ဆောင်လျက်ရှိသည့် ရန်ကုန်မြို့ရှိ ဗိုလ်အောင်ကျော် ဆိပ်ခံတံတားကို ဤသို့ တွေ့ရသည်။ (သတင်းစဉ်)

နိုင်ငံတကာအဆင့်မီ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ နေပြည်တော်-မန္တလေးလမ်းပိုင်းတစ်နေရာကို ဤသို့ သပ်ရပ်လှပစွာ တွေ့ရသည်။

1-1 (07).pmd 1 1/1/2011, 2:05 AM

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး

နိုင်ငံတော်သစ်တည်ဆောက်ရေးအစီတွန်း (လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ကာကွယ်စောင့်ရှောက်ရေး)

နှစ်ဆယ့်တစ်ရာစု၏ ပထမဆယ်စုနှစ်ကုန်ဆုံး၍ ဒုတိယမြောက် ဆယ်စုနှစ်သည် မကြာသောကာလတွင် ကျရောက်လာပေတော့မည်။ လူသားတို့ မှီတင်းနေထိုင်ရာ ကမ္ဘာကြီးသည် ဆယ်စုနှစ်အဟောင်းတစ်ခုမှသည် ဆယ်စုနှစ်သစ်တစ်ခုဆီသို့ ကူးပြောင်းဝင်ရောက်နေချိန်၊ ကမ္ဘာ့မိသားစုဝင်တစ်နိုင်ငံဖြစ်သော ကျွန်ုပ်တို့ အမိမြန်မာနိုင်ငံတော်၌မူ နိုင်ငံတော်သစ်ကြီးတစ်ရပ်တည်ဆောက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားပြည်သူအပေါင်းတို့ တက်ညီလက်ညီ ကြိုးပမ်းအကောင်အထည်ဖော်နေကြသော ထူးမြတ်သည့်အခါသမယဖြစ်နေသည်။ တိုင်းရင်းသားပြည်သူအပေါင်းတို့ ရည်မှန်းတည်ဆောက်နေသည့် နိုင်ငံတော်သစ်ကြီးကား **“အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်လျက် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်”** ဟူသော **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး** ပင်ဖြစ်သည်။

ကမ္ဘာ့နိုင်ငံများအလယ်တွင် ထိုသို့သော နိုင်ငံတော်သစ်ကြီး တင့်တယ်ထည်ဝါစွာပေါ်ထွန်းလာရေးအတွက်လည်း နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားအားလုံးတို့ စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခဲ့ကြရာ နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် အရေးပါအရာရောက်သော စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးအခြေခံကောင်းများကို ဖော်ဆောင်နိုင်ခဲ့ကြပြီဖြစ်သည်။

အထူးသဖြင့် နိုင်ငံတော်သစ်တည်ဆောက်ရာတွင် နိုင်ငံတော်တစ်ရပ်လုံး၏အကျိုးစီးပွား၊ ဒေသဆိုင်ရာ အကျိုးစီးပွားနှင့် တိုင်းရင်းသားအားလုံးတို့၏ ကိုယ်စီအကျိုးစီးပွားများ ဖွံ့ဖြိုးတိုးတက်အောင် ဟန်ချက်ညီညီ ဆောင်ရွက်ပေးကြမည့် အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းအသီးသီးတို့ ပေါ်ထွန်းလာစေသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတစ်ရပ်ကို အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ကြပြီးဖြစ်ရာ အဆိုပါအခြေအနေကောင်းများကို ဆယ်စုနှစ်သစ်သို့ သယ်ဆောင်လျက် ပေါ်ထွန်းလာတော့မည့် နိုင်ငံတော်အဖွဲ့အစည်းများ၏ ဦးဆောင်မှုဖြင့် တိုင်းရင်းသားပြည်သူအပေါင်းက တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းလျက် နိုင်ငံတော်သစ်ကို တည်ဆောက်ကြပေတော့မည်။

နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရာတွင် နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော ပြည်သူများ၏ဆန္ဒသဘောထားနှင့်အညီ လွတ်လပ်စွာတည်ဆောက်နိုင်ရေးသည် အလွန်တရာ အရေးကြီးလှပေသည်။ အင်အားကြီးနိုင်ငံအချို့က ထိုအရေးကြီးလှသောအချက်ကို မျက်ကွယ်ပြု၍ ယင်းတို့ဖြစ်စေလိုသော ပုံစံရောက်အောင် နိုင်ငံအတွင်းမှ “စစ်မှန်သောမျိုးချစ်စိတ်ဓာတ်” အခံအားနည်းသူများကို အသုံးချ၍လည်းကောင်း၊ ယင်းတို့ပိုင်ဆိုင်ထားသော စီးပွားရေး၊ နိုင်ငံရေး ပါဝါများကို အမည်မျိုးစုံတပ်လျက် သိမ်မွေ့သော၊ ဖြောင်ကျသော နည်းလမ်းမျိုးစုံ သုံး၍လည်းကောင်း နှုတ်ကြောင်းပေး ဆောင်ရွက်နေကြသည်ဖြစ်ရာ မိမိတို့ကဲ့သို့သော နိုင်ငံငယ်များသည် ကိုယ့်ကြမ္မာကိုယ်ဖန်တီးရေးတွင်ပင် မိမိတို့ကိုယ်ပိုင်ဆန္ဒသဘောထားများနှင့်အညီ လုပ်ဆောင်ရေး၌ ထိပါးနှောင့်ယှက်မှုများစွာ ကြုံတွေ့ရလျက်ရှိနေသည်။

နိုင်ငံတော်သစ်ကြီးတည်ဆောက်နေသော ယခုလိုအခါသမယတွင် ထိုသို့သော ထိပါးနှောင့်ယှက်ဝင်ရောက်စွက်ဖက်မှုများကို သတိကြီးစွာထားလျက် ဆောင်ရွက်ကြရန် မီးမောင်းထိုးပြသည့်အလား (၆၃)နှစ်မြောက်လွတ်လပ်ရေးနေ့ နေ့ထူးနေ့မြတ်က တိုက်ဆိုင်ကျရောက်လာနေသည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးလိုလားသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကြီး တည်ဆောက်ရာတွင် မိမိတို့၏ဆန္ဒသဘောထားနှင့်အညီ ကိုယ့်ကြမ္မာကိုယ် ဖန်တီးတည်ဆောက်နိုင်ရန်အလို့ငှာ မကြာခင် ကျရောက်တော့မည့် လွတ်လပ်ရေးနေ့တွင် **“နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ကြမည်”** ဟူ၍ ခိုင်မာလေးနက်စွာ အဓိဋ္ဌာန်ချမှတ်လျက် နိုင်ငံတော်သစ် တည်ဆောက်ရေးကို “စစ်မှန်သောမျိုးချစ်စိတ်ဓာတ်”ဖြင့် ဆောင်ရွက်သွားကြရပေမည်။

တရားမျှတလွတ်လပ်ခြင်း

လူမျိုးတိုင်းသည် မိမိတို့၏လွတ်လပ်မှုဂုဏ်ရည်ကို မိမိတို့နည်း မိမိတို့ဟန်ဖြင့် ဖော်ကျူးကျင့်သုံးကြသည်။ ထို့အတူ ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားစွာနေထိုင်ခဲ့ကြသည့်လူမျိုးတစ်မျိုးအဖြစ် မြန်မာလူမျိုးတို့သည်လည်း ရှေးပဝေသဏီအစဉ်အဆက်ကပင် လူမျိုး၏လွတ်လပ်မှုဂုဏ်ရည်ကို အမှီအခိုကင်းမှု၊ တရားမျှတမှု၊ တင်းတိမ်ရောင့်ရဲမှု၊ တည်ငြိမ်အေးချမ်းစွာနေလိုမှု၊ အထိပါး အကျူးကျော်မခံမှု၊ ကိုယ်တိုင်လည်းကျူးကျော်မှုမပြု ဆိုသည့်ဝိသေသများဖြင့် လွတ်လပ်ခြင်းသရုပ်အမှန်ကို ဖော်ထုတ်ကျင့်သုံးခဲ့ကြသည့် လူမျိုးဖြစ်သည်။ ဆိုရလျှင် မြန်မာလူမျိုးတို့၏ လွတ်လပ်မှုကို မြတ်နိုးစိတ်သည် ကမ္ဘာကြီးအတွင်းရှိ အခြားအခြားသောလူမျိုးတို့နှင့် ရင်ပေါင်တန်းနိုင်သည်သာမက **အခြားလူမျိုးတို့ထက် သာလွန်ကောင်းမြတ်သောအချက်မှာ လွတ်လပ်မှုတွင် စစ်မှန်သောတရားမျှတခြင်း၊ တည်ငြိမ်အေးချမ်းစွာနေလိုခြင်း၊ တစ်နည်းအားဖြင့် မိမိ၏လွတ်လပ်မှုကို အထိပါးမခံသလို အခြားလူမျိုးတို့၏ လွတ်လပ်မှုကိုလည်း ထိပါးနှောင့်ယှက်မှု မပြုခြင်းဆိုသည့် လွတ်လပ်မှုအနှစ်သာရကို အစဉ်အဆက်တိကျစွာ ကျင့်သုံးနိုင်ခြင်းပင်ဖြစ်သည်။**

ကမ္ဘာပေါ်တွင် မိမိတို့ကိုယ်မိမိတို့ နိုင်ငံကြီးသားများဟု မှတ်ယူသည့် အချို့သောလူမျိုးတို့ကား လွတ်လပ်မှု၊ တရားမျှတမှုဟူသော စကားလုံးတို့ကို

မြင့်မောင် (Phil.Q)

ဟစ်ကြွေးကြသော်လည်း အခြားလူမျိုးတို့၏ လွတ်လပ်မှုကို ပျက်ပြားအောင် လုပ်ကြသည်။ အခြားလူမျိုးတို့၏ တရားမျှတစွာ ကျင့်သုံးနေထိုင်မှုကို ထိပါးနှောင့်ယှက်ကြသည်။ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲမှုကို နည်းပေါင်းစုံဖြင့် ချိုးကြ၊နှဲ့ကြသည်။ အခြားလူမျိုးတို့၏ တည်ငြိမ်အေးချမ်းမှုကို ဖျက်လိုဖျက်ဆီး လုပ်ကြသည်။ အမိမြန်မာနိုင်ငံတော်ကြီးသည်လည်း ထိုသို့လူမျိုးနှင့်နိုင်ငံတို့၏ ကျူးကျော်ထိပါးမှုကို ရာစုနှစ်များစွာကပင် ကြုံတွေ့ခံစားခဲ့ရပြီး ၁၉ရာစုနှောင်းပိုင်းနှစ်များမှသည် ၂၀ရာစုအလယ်နှစ်များတိုင်အောင် လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးရလျက် တည်ငြိမ်အေးချမ်းမှုပျက်ပြားခြင်း၏ ဘေးဒုက္ခဆိုးတို့ကို ကြုံတွေ့ခံစားခဲ့ရသည်။ လွတ်လပ်မှုကို မြတ်နိုးသော မြန်မာတို့အနေဖြင့် ဤသမိုင်းဖြစ်စဉ်ကို မည်သည့်အခါမျှ မေ့ပျောက်သွားကြမည် မဟုတ်ပါပေ။

ဆုံးရှုံးခဲ့ရသော လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာပြန်လည်ရရှိအောင် အသက်၊ သွေးပေါင်းများစွာဖြင့် တိုက်ပွဲဝင်ခဲ့ရပြီး၊ လွတ်လပ်ရေးပြန်လည်ရယူနိုင်ခဲ့သည့် နောက်ပိုင်းမှသည် ယနေ့အထိလည်း လွတ်လပ်မှု၊ တရားမျှတမှု ဆိုသောစကားလုံးတို့တွင် ဒီမိုကရေစီဆိုသောစကားကို ယောင်ပြသုံးလျက် ကျွန်ုပ်တို့ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာ၊ တည်ငြိမ်အေးချမ်းမှုတို့ ဆုံးရှုံးပျက်ပြားအောင်ကြံစည်နေကြသည်။ ယင်းတို့၏ ဩဇာအာဏာအောက်သို့ ရောက်ရှိအောင်လုပ်ဆောင်လျက်ရှိသည်။ ထိုသို့ လုပ်ဆောင်နေသည်ကို မြန်မာနိုင်ငံတည်းဟူသော အေးချမ်းသာယာလှသည့် တောအုပ်ကို ခုတ်ထွင်ဖျက်ဆီးမည့် ပုဆိန်သွားအတွက် လိုအပ်သောပုဆိန်ရိုးအဖြစ် အသုံးချခံနေရသည့် မြန်မာအချို့အား သတိပေးလိုသည်။ ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံးအနေဖြင့်မူ နိုင်ငံရေးအသိ၊ နိုင်ငံရေးသတိကြီးစွာဖြင့် ပြည်တွင်း ပြည်ပ အဖျက်အင်အားစုများ၏ အကြံအစည်ကို ဟန့်တားလျက်ရှိသည်။ မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုး၏ **လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်လျက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်**တည်းဟူသော ဤပြေ၊ ဤမြေပေါ်တွင် တရားမျှတ လွတ်လပ်ခြင်းများဖြင့် သားစဉ်မြေးဆက် ပျော်ရွှင်ချမ်းမြေ့စွာ နေသွားနိုင်အောင် ထမ်းဆောင်ရမည့်တာဝန်သည် ယနေ့ကာလ အမိမြန်မာပြည်၏ သားသမီးများဖြစ်ကြသော တိုင်းရင်းသားပြည်သူအားလုံး၏ ပခုံးထက်တွင် ကျရောက်လျက်ရှိနေပေသည်။

ဒို့ပြေဒို့မြေ များလူခပ်သိမ်း ငြိမ်းချမ်းစေ

ကျွန်ုပ်တို့ပြေ၊ ကျွန်ုပ်တို့မြေသည် ချစ်စရာသာမက **လူတိုင်းလိုချင်မက်မောလှသည့် တန်ဖိုးဖြတ်ခြင်းငှာ မစွမ်းသာသော ရတနာတစ်ပါးအလားမြတ်နိုးစရာ၊ ဂုဏ်ယူစရာ မြန်မာပြည်ဖြစ်ပါသည်။** ပထဝီနိုင်ငံရေး (Geo-politics) အနေအထား၊ ကမ္ဘာ့စီးပွားပါဝါအရွေ့ (Global economic power shifting) ဆိုသောအကြောင်းတရားများက အမိမြန်မာနိုင်ငံတော်ကြီးကို မဟာဗျူဟာအချက်အချာနေရာသို့ ပို့ဆောင်ပေးနေသည်။ ထိုအခြေအနေတွင် ရေမြေဥတု သယံဇာတဇီဝမျိုးစုံကြွယ်ဝခြင်း၊ လုံလောက်သည့်လူဦးရေအင်အား ရှိခြင်းဆိုသည့် နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသော အကြောင်းတရားများဟု ပညာရှင်များ သတ်မှတ်ကြသော ရင်းမြစ်အင်အား (LAND, RESOURCE, PEOPLE)တို့နှင့် ပြည့်စုံလျက်ရှိနေသည်။ **အေးချမ်းသာယာခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ်တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းကြရန်သာ လိုပါတော့သည်။**

နယ်စပ်ဒေသများ အရှိန်အဟုန်ဖြင့်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဖွဲ့စည်းကာ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အင်တိုက်အားတိုက် လုပ်ဆောင်ပေးခဲ့။ လုပ်ဆောင်ပေးလျက်ရှိ။ အပြော်အမြင်ကြီးမားသော ထိုဆောင်ရွက်ချက်များ၏ အကျိုးဆက်အဖြစ် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များအနက် အချို့သော အဖွဲ့များသည် လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်ကာ ထာဝရ ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ခဲ့သည့်အပြင် နိုင်ငံရေးပါတီများ တည်ထောင်လျက်ကျင်းပပြီးစီးခဲ့သော ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကြီးတွင် ပါဝင်ယှဉ်ပြိုင် အရွေးချယ်ခံရသည်အထိ အခြေအနေကောင်းများ ဖြစ်ထွန်းခဲ့။ ထိုအခြေအနေကောင်းများသည် နိုင်ငံတော် သစ်တည်ဆောက်ရေးအတွက် တန်ဖိုးကြီးမားသော အမျိုးသားငြိမ်းချမ်းရေးအားမာန်ပင် မဟုတ်ပါလော။

ရွှေတိုင်းပြည်ရေးဆိုင်ရာ အမှတ်တရ ကဗျာ

ရွှေဝါရေးရာနေ့ အဓိကအချက်များ

ရွှေတိုင်းပြည် လွတ်လပ်ရေးနေ့ အတွေးများ

* ကျက်သရေ“တက်နေ”ပမာလ
မက်မပြေ သဘာဝအလှတွေနဲ့
သာယာစွ မြန်မာပြည်။

* “ဖြစ် တည် ပြု”တရားတွေနဲ့
ချစ်ကြည်မှု ပွားပါလို့
စည်ကားခဲ့ထည်။

* တိုင်းရင်းသားတို့ ဝိုင်းဝန်းတည်
ရိုင်းပင်းညီစိတ်ရင်း။
ညီကြလို့ ပြည်လှပြီ
ပီသကြည်ရွှင်း။

* ဒို့ပြည်ထောင်စု စည်သာမှုအတွက်…
ဒို့ညီနောင်ထု ကြည်သာမှုအတွက်…
ဒို့တည်ထောင်မှု ရှည်ကြာမှုအတွက်…
“သွေး အသက်” ပမာ
လေးနက်စွာယုံကြည်ချက်နဲ့
စုံညီလျက် အကောင်အထည်ဖော်ကြရင်ဖြင့်
မောင်မယ်တို့ မြန်မာ့အနာဂတ်လမ်းဟာလေ
(ကမ္ဘာ့အလယ် အလှကြွယ် စိမ်းလန်းသင်းပျံ့စေမယ့်)
(ကွယ်…တကယ့်) ငြိမ်းချမ်းပန်းခင်း။ ။

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုလျက်-

မျိုးမြတ်မြတ်မြင့်မောင်

ဂုဏ်ပြုဆောင်းပါး

ကျက်ရေး)

.Q)

လပ်မှုကို ပျက်ပြားအောင်
ကျင့်သုံးနေထိုင်မှုကို ထိပါး
ခိုင်မြဲမှုကို နည်းပေါင်းစုံဖြင့်
းချမ်းမှုကို ဖျက်လိုဖျက်ဆီး
ထိုသို့လူမျိုးနှင့်နိုင်ငံတို့၏
ားခဲ့ရပြီး ၁၉ရာစုနှောင်းပိုင်း
လွတ်လပ်ရေးနှင့်အချုပ်အခြာ
မ်းမှုပျက်ပြားခြင်း၏ ဘေး
ကို မြတ်နိုးသော မြန်မာတို့
ပျောက်သွားကြမည် မဟုတ်

အာဏာပြန်လည်ရရှိအောင်
တ်လပ်ရေးပြန်လည်ရယူနိုင်
ပ်မှု၊ တရားမျှတမှု ဆိုသော
ဘင်ပြသုံးလျက် ကျွန်ုပ်တို့
ာ၊ တည်ငြိမ်အေးချမ်းမှုတို့
၏ ဩဇာအာဏာအောက်သို့
ပ်ဆောင်နေသည်ကို မြန်မာ
ပ်ကို ခုတ်ထွင်ဖျက်ဆီးမည့်
းချခံနေရသည့် မြန်မာအချို့
ားလုံးအနေဖြင့်မှု နိုင်ငံရေး
အဖျက်အင်အားစုများ၏
မိမိတို့လူမျိုး၏ **လွတ်လပ်**
လျက် ပြည်ထောင်စုသမ္မတ
တွင် တရားမျှတ လွတ်လပ်
သွားနိုင်အောင် ထမ်းဆောင်
သားသမီးများဖြစ်ကြသော
ရောက်လျက်ရှိနေပေသည်။

သာမက **လူတိုင်းလိုချင်**
သာ ရတနာတစ်ပါးအလား
။ ပထဝီနိုင်ငံရေး (Geo-
lobal economic power
မာနိုင်ငံတော်ကြီးကို မဟာ
အခြေအနေတွင် ရေမြေဥတု
းရေအင်အား ရှိခြင်းဆိုသည့်
အကြောင်းတရားများဟု
LAND, RESOURCE,
းချမ်းသာယာခေတ်မီဖွံ့ဖြိုး
တွက် တိုင်းရင်းသားအားလုံး
ါတော့သည်။

င့် တိုင်းရင်းသား
ပ်ဒေသဖွံ့ဖြိုးရေး
မြင့်ကြီးမားသော
နက် အချို့သော
ဘ်နိုင်ခဲ့သည့်အပြင်
တွင် ပါဝင်ယှဉ်ပြိုင်
သည် နိုင်ငံတော်
မဟုတ်ပါလော။

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး
(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး

လွတ်လပ်ခြင်း၊ တည်ငြိမ်အေးချမ်းခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်းတို့ကို နိုင်ငံနှင့်လူမျိုးတိုင်း ရယူခံစားလိုကြစမြဲပင်ဖြစ်သည်။ ထိုသို့ခံစားနိုင်ရေးအတွက် သက်ဆိုင်ရာ နိုင်ငံသူနိုင်ငံသားများအနေဖြင့် လုံ့လဥဿာဟပြည့်စုံစွာဖြင့် အလုပ်လုပ်ကြရန်လိုသည်။ ကျန်းမာကြံ့ခိုင်လျက် စာရိတ္တဂုဏ်ရည်၊ ပညာရည်တို့ မြင့်မားရန်လိုသည်။ တိုင်းရင်းသားလူမျိုးစုံ မှီတင်းနေထိုင်လျက်ရှိသော ကျွန်ုပ်တို့လိုနိုင်ငံမျိုးအနေဖြင့်မူ ထိုမျှနှင့်မလုံလောက်သေးပါ။ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ရှိရန်လည်းလိုပါသည်။ စစ်မှန်သောမျိုးချစ်စိတ်ဓာတ် အားကောင်းသန်စွမ်းရန်လည်း လိုသည်။ စည်းလုံးညီညွတ်မှ စစ်မှန်သောမျိုးချစ်စိတ်ဓာတ် အားကောင်းမှလည်း လွတ်လပ်မည်၊ တည်ငြိမ်အေးချမ်းမည်၊ ဖွံ့ဖြိုးတိုးတက်မည်။ များလူခပ်သိမ်း ငြိမ်းချမ်းစွာနေထိုင်နိုင်ကြမည်။

ထိုအကျိုးတရားတို့၏ဆန့်ကျင်ဘက်ဆိုးကျိုးများကို တိုင်းရင်းသား ပြည်သူတို့ ခါးသီးစွာခံစားခဲ့ကြရပြီးဖြစ်သည်။ တိုင်းတစ်ပါးသားတို့၏ လက်အောက်တွင်ကျရောက်ခဲ့မှုကြောင့် တည်ငြိမ်အေးချမ်းမှု၊ တရားမျှတမှု၊ လွတ်လပ်မှုတို့ဆုံးရှုံးလျက် အမျိုးသားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ လက္ခဏာများ ပျက်စီးယိုယွင်းခဲ့ရသည့် အတွေ့အကြုံ၊ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာ ပြန်လည်ရရှိပြီးနောက် နယ်ချဲ့တို့၏ အကွက်ကျကျ လုပ်ကြံစီစဉ်ခဲ့မှုများကြောင့် လက်နက်ကိုင်တိုက်ပွဲများ၊ အင်အားကြီးနိုင်ငံတို့ အားပေးကူညီခဲ့သည့် ပြည်ပတပ်ကျူးကျော်မှုများ၊ ၁၉၆၂ခုနှစ် ပြည်ထောင်စုပြိုကွဲမည့်အန္တရာယ်များ ရင်ဆိုင်ခဲ့ရသလို ၁၉၈၈ခုနှစ် အရေးအခင်း၏ ဆိုးရွားကြမ်းတမ်းသည့် အတွေ့အကြုံများတွင် အင်အားကြီးနိုင်ငံတစ်နိုင်ငံ၏ စွက်ဖက်ခြိမ်းခြောက်မှုများကို ကိုယ်တွေ့ခံစားရဖူးပြီဖြစ်သည်။ ယနေ့ကမ္ဘာ့နိုင်ငံအချို့တွင် အင်အားကြီးနိုင်ငံတို့၏စွက်ဖက်မှု၊ အချင်းချင်းစည်းလုံးညီညွတ်ရေး ကင်းမဲ့မှုတို့ကြောင့် ပြည်ထောင်စုနိုင်ငံအချို့ပြိုကွဲကာ များလူခပ်သိမ်းတို့ ဆင်းရဲဒုက္ခမျိုးစုံ တွေ့ကြုံခံစားနေရသည်ကိုလည်း မျက်မြင်တွေ့ရှိနေရသည်။ ကျွန်ုပ်တို့ တိုင်းရင်းသားပြည်သူများအနေဖြင့် ထိုသို့သော ဖြစ်ရပ်ဆိုးများကင်းဝေးလျက် ငြိမ်းချမ်းပျော်ရွှင်စွာ နေထိုင်သွားလိုသော ဆန္ဒများရှိနေကြသည်။

တိုင်းရင်းသားပြည်သူတို့ပိုင်ဆိုင်သည့် လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာပြန်လည်ရယူဆောင်ကြဉ်းပေးရန်ဆိုသည့် အရင်းခံအကြောင်းတရားဖြင့် ပြည်သူ့ကြားမှ ပေါက်ဖွားလာသည့် ပြည်သူ့တပ်မတော်က ပြည်သူတို့၏ အဆိုပါဆန္ဒကိုသိရှိနားလည်သည့်အလျောက် ခေတ်အဆက်ဆက်ထိုဆန္ဒကို အစွမ်းကုန် ဖြည့်ဆည်းပေးခဲ့သည့်နည်းတူ လက်ရှိအချိန်တွင်လည်း **နိုင်ငံ့ရေးရာအဖြာဖြာကို ပြည်သူတို့ကိုယ်စား စတင်တာဝန်ယူသည်မှစ၍ ယနေ့အထိ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို အထူးဦးစားပေးဆောင်ရွက်ခဲ့သည့်အတွက် ယခုဆိုလျှင် တိုင်းရင်းသားလူမျိုးအပေါင်းသည် တည်ငြိမ်အေးချမ်းမှုအရသာကို နိုင်ငံတစ်ဝန်းလုံးတွင် မြိန်ရှက်စွာခံစားနေကြရပြီဖြစ်သည်။ တည်ငြိမ်အေးချမ်းမှု၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးမှုတို့ တည်ဆောက်နေစဉ် တစ်ဖက်မှလည်း စည်းလုံး ညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒီမိုကရေစီဖော်ဆောင်မှုများကို ဦးတည်ချက်များ၊ မူဝါဒလမ်းစဉ်များချမှတ်လျက် စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့သည်။**

ကိုလိုနီနယ်ချဲ့တို့၏ ဆိုးမွေဖြစ်သော ခေတ်အဆက်ဆက် တည်ငြိမ်အေးချမ်းမှုပျက်ပြားခဲ့ရသည့် နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများစွာတို့နှင့် ငြိမ်းချမ်းရေးတည်ဆောက်ကာ တည်ငြိမ်အေးချမ်းမှုဖော်ဆောင်ခဲ့သည်။တစ်ဆက်တည်းပင် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျကျန်ခဲ့သော အဆိုပါနယ်စပ်ဒေသများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဖွဲ့စည်းကာ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ အင်တိုက်အားတိုက် လုပ်ဆောင်ပေးခဲ့သည်။ လုပ်ဆောင်ပေးလျက်ရှိသည်။ အမြော်အမြင်ကြီးမားသော ထိုဆောင်ရွက်ချက်များ၏ အကျိုးဆက်အဖြစ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနက် အချို့သောအဖွဲ့များသည် လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ကာ ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ခဲ့သည့်အပြင် နိုင်ငံရေးပါတီများ တည်ထောင်လျက် ကျင်းပပြီးစီးခဲ့သော ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကြီးတွင် ပါဝင်ယှဉ်ပြိုင် အရွေးချယ်ခံရသည်အထိ အခြေအနေကောင်းများ ဖြစ်ထွန်းခဲ့ပေသည်။ ထိုအခြေအနေကောင်းများသည် နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် တန်ဖိုးကြီးမားသော အမျိုးသားငြိမ်းချမ်းရေးအားမာန်ပင် မဟုတ်ပါလော။

ထိုမျှမက ကျန်ရှိသော ပြည်ထောင်စုနယ်မြေများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အထူးစီမံကိန်းကြီးများ အကောင်အထည်ဖော်ရေးအဖွဲ့ဖွဲ့စည်းလျက် စီမံကိန်းကြီးများ ချမှတ်ဆောင်ရွက်ခဲ့ရာ **နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများအလိုက် အခြေခံအဆောက်အအုံများ ဖြစ်ထွန်းပေါ်ပေါက်လာပြီး ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်လျက်ရှိကြသည့် ခပ်သိမ်းသော ပြည်သူအပေါင်းတို့အနေဖြင့် မည်သည့်ခေတ်အခါကမှ မရရှိဖူးသည့် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အကျိုးကျေးဇူးများကို အပြည့်အဝခံစားလျက်ရှိပေသည်။**

ခွင့်တူညီမျှ ဝါဒဖြူစင်တဲ့မြေ ဒို့ပြေ ဒို့မြေ

လူ့အဖွဲ့အစည်းတစ်ရပ် ငြိမ်းချမ်းဖွံ့ဖြိုးအောင် တည်ဆောက်ရေးအတွက်ဆိုလျှင် မှန်ကန်သော အယူဝါဒရေးရာရှိရမည်။ မှန်ကန်ရုံနှင့်လည်းမရသေး၊ စင်ကြယ်ဖို့လည်းလိုသည်။ ကမ္ဘာ့သမိုင်းစဉ်ကို ပြန်ကြည့်လျှင် ခေတ်အသီးသီးတွင် ပေါ်ထွန်းခဲ့သော လူ့အဖွဲ့အစည်းတို့သည် ငြိမ်းချမ်းမှု၊ တရားမျှတလွတ်လပ်မှုတို့ကို ဖော်ဆောင်ကျင့်သုံးနိုင်မည့် အယူဝါဒရေးရာ (Ideology) အမျိုးမျိုးကို စူးစမ်းရှာဖွေဖော်ထုတ်ကာ ကျင့်သုံးခဲ့ကြသည်မှာ ယနေ့အထိပင်ဖြစ်သည်။ သို့သော် တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်းဆိုသလို ပေါ်ပေါက်လာသော ဝါဒရေးရာများသည် လူ့အဖွဲ့အစည်းတစ်ရပ်အတွက် လိုချင်သည့် ရည်မှန်းချက်တို့ကို ဖော်ဆောင်နိုင်သော်လည်း အခြားလူ့အဖွဲ့အစည်းတစ်ရပ်အတွက်မူ မလိုချင်သည့် ရလဒ်များကိုပင် ဖြစ်ပေါ်စေသည်။

အမိမြန်မာနိုင်ငံတော်ကြီးသည် လူကို ပဓာနထားသော၊ လူနှင့် လူချင်းငဲ့ညှာထောက်ထားလျက် တန်းတူညီမျှမှုကို အလေးထားသော၊ မိမိကိုယ်ကျိုးစီးပွားထက် အများပြည်သူနှင့် လောက၏ အကျိုးစီးပွားကို အလေးထားသော ဖြူစင်မွန်မြတ်သည့် ဝါဒတစ်ရပ် ထွန်းကားလျက်ရှိသည့်မြေဖြစ်သည်။ ထို့ကြောင့်ပင် ကမ္ဘာ့နိုင်ငံများနှင့် ဆက်ဆံရာတွင် ကမ္ဘာသူကမ္ဘာသားအားလုံး၏ အကျိုးစီးပွားဖြစ်ထွန်းမှုကို ရှေးရှုဦးတည်သော၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးကို အခြေခံသောမူကြီးများ ချမှတ်ကျင့်သုံးသည့်နိုင်ငံဖြစ်ရာ ကမ္ဘာ့နိုင်ငံအသီးသီးကပင် အသိအမှတ်ပြုခဲ့ကြရသည်။ ထိုဝါဒသည် လူ့အဖွဲ့အစည်းတိုင်းအတွက် ငြိမ်းချမ်းမှု၊ တရားမျှတလွတ်လပ်မှုတို့ကို ဖော်ဆောင်ပေးနိုင်သည်။ ဖြူစင်မွန်မြတ်ရုံမျှမက ပြည့်စုံသည့် ဝါဒတစ်ရပ်လည်းဖြစ်သည်။ ယနေ့နိုင်ငံတော်ကို တာဝန်ယူနေရသော တပ်မတော်အစိုးရနှင့် ပြည်သူအပေါင်းတို့သည် ထိုဝါဒလာသဘောတရားတို့ကို လက်တွေ့ကျင့်သုံး၍ ကျွန်ုပ်တို့၏ ပြည်ထောင်စုကြီးကို သားစဉ်မြေးဆက်အတွက် ငြိမ်းချမ်းပျော်မွေ့ဖွယ်ရာကောင်းလှသည့် ပတိရူပဒေသကြီးဖြစ်အောင် မြင့်မြတ်ဖြူစင်သည့် စိတ်ထားဖြင့် ပူးပေါင်းဆောင်ရွက်လျက် ရှိနေကြသည်။

ပြည်ထောင်စုအမွေ အမြဲတည်တံ့စေ

အမိမြန်မာပြည်အတွင်းမှီတင်းနေထိုင်လျက်ရှိကြသော တိုင်းရင်းသားလူမျိုးအသီးသီးတို့သည် ဗြဟ္မစိုရ်တရားထွန်းကားရာ ဤပြေဤမြေပေါ်တွင် ပေါက်ဖွားလာကြသူ၊ ကြီးပြင်းလာကြသူ၊ အခြေချနေထိုင်ကြသူ ပြည်ထောင်စုကြီး၏ သား သမီးစစ်စစ်များဖြစ်ကြသည်။ ရှေးပဝေသဏီမှစ၍ မြန်မာတိုင်းရင်းသားဘိုးဘွားအစဉ်အဆက် ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်ခဲ့ပြီး **ပြည်ထောင်စုအမွေကို လက်ဆင့်ကမ်းထိန်းသိမ်းခဲ့ကြသည်မှာ ယနေ့အထိပင် မဟုတ်ပါလော။ လက်ရှိခေတ်တွင် ထိုပြည်ထောင်စုအမွေကို လက်ခံရရှိထားသည့် ပြည်ထောင်စုပိုင်ရှင်တိုင်းရင်းသားအပေါင်းတို့သည် မိမိတို့၏ စည်းလုံးညီညွတ်မှုကို သိပ်သည်းကျစ်လျစ်စွာ တည်ဆောက်လျက် မိမိတို့ ချစ်မြတ်နိုးလှသည့် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲအောင် ပြည်ထောင်စုစိတ်ဓာတ်ဆိုသည့် "စစ်မှန်သော မျိုးချစ်စိတ်ဓာတ်" မွေးမြူလျက် ထိန်းသိမ်းစောင့်ရှောက်သွားကြရမည် ဖြစ်ပေသည်။**

အဓိဋ္ဌာန်ပြုပေ ထိန်းသိမ်းစို့လေ

စင်စစ်ပြည်တွင်းပြည်ပနှောင့်ယှက်ဖျက်ဆီးမှုများကြားမှ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ရခြင်းသည် အမြော်အမြင်ကြီးမားစွာ၊ သတိကြီးစွာဖြင့်ဆောင်ရွက်ရသည့် လုပ်ငန်းစဉ်ကြီးဖြစ်သည်။ ကြီးလေးခက်ခဲသော လုပ်ငန်းကြီးတစ်ရပ်လည်းဖြစ်သည်။ နိုင်ငံတော်သစ်တည်ဆောက်နေချိန်တွင် ပြည်တွင်းပြည်ပ အဖျက်အင်အားစုများက တည်ဆောက်ရေးလုပ်ငန်းစဉ်များ ပျက်ပြားစေရန် တရစပ်လုပ်ကြံဖျက်ဆီးလျက်ရှိသည်ကို သတိကြီးစွာထားလျက် ကာကွယ်တားဆီးချေမှုန်းသွားရန် လိုအပ်သည်။ ထို့အတွက် မကြာမီကျရောက်မည့် လွတ်လပ်ရေးနေ့တွင် **ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို တည်ဆောက်ရာ၌-**

- **ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေး၊**
- **တိုင်းရင်းသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊**
- **လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ထာဝစဉ်တည်တံ့ခိုင်မြဲနေရေးတို့ကို အစဉ်ရှေးရှုလျက်။**

မကြာမီပေါ်ထွန်းလာတော့မည့် နိုင်ငံတော်အဖွဲ့အစည်းများ၏ ဦးဆောင်မှုဖြင့် **အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်လျက် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်အောင်** အရိုးကျေကျေ အရေခန်းခန်း ကြိုးပမ်းဆောင်ရွက်သွားကြမည်ဟု ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးအပေါင်းက လေးနက်တည်ကြည်စွာ အဓိဋ္ဌာန်ပြုနေပါကြောင်း တင်ပြလိုက်ရပေသည်။ ။

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၅)ရပ်

- ❖ နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။
- ❖ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်း ကာကွယ်ရေး။
- ❖ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီဖြစ်ရာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ ဝိုင်းဝန်းဆက်လက် ကြိုးပမ်းဆောင်ရွက်ရေး။
- ❖ နိုင်ငံတော်၌ ရရှိထားပြီးဖြစ်သော တည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှုနှင့်တရားဥပဒေစိုးမိုးမှု၊ စည်းလုံးညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒီမိုကရေစီဖော်ဆောင်မှု အရှိန်အဟုန်ကို ပိုမိုခိုင်မာစေရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရေး။
- ❖ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို တည်ဆောက်ရာတွင် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ ခိုင်မြဲရေးသည် ပဓာနကျသဖြင့် ပြည်ထောင်စု ပြိုကွဲစေရန်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ယိုယွင်းပျက်စီးစေရန် ဖျက်လိုဖျက်ဆီး ကြံစည်အားထုတ် လုပ်ဆောင်လာမှုမှန်သမျှကို တိုင်းရင်းသားအားလုံးက သတိကြီးစွာဖြင့် တားဆီးကာကွယ်ရေး။

ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ဆောင်ရွက်

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁-၁-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ အင်္ဂုလိမာလသုတ် ဖောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
၅:၂၀ MRTV-4 သတင်း
၅:၅၀ **အကောင်းဆုံးသော နေ့တစ်နေ့** တရားတော်(ဆရာတော်ဘဒ္ဒန္တ ဒေါက်တာစန္ဒာဝရာဘိဝံသ)
၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၁၂၂)
၇:၃၀ MRTV-4 သတင်း
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၈၉)
၈:၄၀ Fashion Music Festival (Part -19)
၉:၁၅ Activities in the City မြန်မာနိုင်ငံဆရာဝန်အသင်း (ရန်ကုန်)အမျိုးသမီးဆရာဝန်များ အဖွဲ့ သက်ကြီးပူဇော်ပွဲ
၉:၂၅ Corelens လက်စွပ်နှင့် ပတ်သက်သော စာနယ်ဇင်းရှင်းလင်းပွဲ
၉:၄၀ Global Panorama (ကိုကိုလှိုင် ၊ မျိုးမြတ်သူ)
၁၀:၁၀ အရည်အသွေးတို့၏အစ ပထမ
၁၀:၂၀ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
၁၀:၂၅ သွားမယ်စားမယ် (Royal Thazin Restaurant)
၁၀:၅၀ မြန်မာ့ရုပ်ရှင် နှစ်(၉၀)ပြည့် ဂုဏ်ပြုအစီအစဉ်
၁၂:၁၅ နတ်မြင်းပျံမို့ မြူးကြွားကြွား
၁၂:၄၅ ပန်းချီပြခန်း (Image of Gold Finger)
၁:၀၀ **အကောင်းဆုံးသော နေ့တစ်နေ့** တရားတော်(ဆရာတော်ဘဒ္ဒန္တ ဒေါက်တာစန္ဒာဝရာဘိဝံသ)
၂:၀၀ MRTV-4 သတင်း
၂:၂၀ Wedding Season ပြေတီဦးနှင့်အိန္ဒြာကျော်ဇင်တို့၏ တောင်းရမ်းမင်္ဂလာအခမ်းအနား
၃:၂၀ Kid's Show
၃:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၈၉)
၄:၃၀ ယုံကြည်ခိုင်မာသော အောင်မြင်မှုပန်းတိုင်ဆီသို့
၅:၀၀ Wedding Season ပြေတီဦးနှင့်အိန္ဒြာကျော်ဇင်တို့၏ တောင်းရမ်းမင်္ဂလာအခမ်းအနား
၆:၀၀ MRTV-4 သတင်း
၆:၂၀ Movie Talk (ဒါရိုက်တာ ကြည်စိုးထွန်း၊ ဦးကြည်စိုး) (အပိုင်း-၁)
၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း -၁၂၃)
၇:၂၀ Fashion Music Festival (Part-20)
၈:၀၀ MRTV-4 သတင်း
၈:၃၀ ယဉ်ကျေးမှုထွန်းကားရာနှင့် ယဉ်ကျေးမှုအစဉ်အလာ
၈:၅၀ ဖက်ရှင်လမ်းညွှန် (၂၀၁၀-၂၀၁၁ မင်္ဂလာဝတ်စုံဒီဇိုင်းများ)
၉:၁၅ ရန်ကုန်မြင်ကွင်းကျယ် Aquatabs ရေသန့်ဆေးပြား မိတ်ဆက်ပွဲ
၉:၂၅ Barclays Premier League
၁၁:၂၅ သူတို့ပြောတဲ့သူတို့အကြောင်း (သရုပ်ဆောင်ဖြိုးငွေစိုးနှင့် တွေ့ဆုံခြင်း)
၁၁:၅၅ Barclays Premier League
၁:၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၉၀)
၂:၃၅ မင်္ဂလာပန်းစံပယ်၏ဒိုင်ယာရီ
၂:၅၅ ရလဒ်ကောင်းများနှင့် Organic
၃:၀၅ Royal Reward Resort နှင့် သူ၏ဆုလာဘ်သခင်
၃:၂၅ World of Knowledge (Mega Structures ICE HOTEL)
၄:၁၀ **ရှင်နှောင်းကျောင်းရောက်ပြီ** ကြည်စိုး၊ ထူးသာ၊ချောနုဝင်း၊ ယွန်းငုံဖူး ဒါရိုက်တာ-ခင်ဇော် (ကေသီပန်)
၄:၃၀ မြတ်စိန္တေကိုရည်စူးလို့ အလင်းတိုင်နှင့်ပူဇော်မယ်
၄:၄၅ ခံစားချက်တို့ ပေါင်းစုံရာ ငပလီကမ်းခြေသာ
၅:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင်
ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင်
UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

လွတ်လပ်ရေးနေ့နှင့် ကရင်နှစ်သစ်ကူးနေ့တို့၌ လော်ကားဥယျာဉ် အချိန်တိုး၍ ဖွင့်မည်

ရန်ကုန် ဒီဇင်ဘာ ၃၁

သစ်တောဦးစီးဌာန လော်ကားဥယျာဉ်ကို နေ့စဉ်ပုံမှန် နံနက် ၈နာရီမှ ညနေ ၅နာရီအထိ ဖွင့်လှစ်ထားသော်လည်း ၂၀၁၁ခုနှစ် ဇန်နဝါရီ ၄ရက် (လွတ်လပ်ရေးနေ့)နှင့် ဇန်နဝါရီ ၅ရက်(ကရင်နှစ်သစ်ကူးနေ့)တို့တွင် အများပြည်သူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ အပန်းဖြေအနားယူနိုင်ရန်အတွက် နံနက် ၈နာရီမှ ညနေ ၆နာရီအထိ ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်

ကြာအင်းဆိပ်ကြီး ဒီဇင်ဘာ ၃၁

ကြာအင်းဆိပ်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဇမိရတနာဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် နိုဝင်ဘာ ၁၉ရက်က မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊အဖွဲ့ဝန်ထမ်းများ၊ ဈေးသူဈေးသားများ စုပေါင်း၍ မီးသတ်ဆေးဘူးများ အသုံးပြုပြီး မီးငြိမ်းသတ်ခြင်း သရုပ်ပြလေ့ကျင့်နေမှုကို မြို့နယ်ရဲတပ်ဖွဲ့မှူး နှင့်အမှုဆောင်အရာရှိ ဦးခင်မောင်ချိုတို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

မြန်မာ့ရုပ်မြင်သံကြား

၁-၁-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊တေးရေး- မောင်မောင်လတ်)
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၆။ ကဗျာပန်းဥယျာဉ်
၈:၁၀ ၇။ အကပြိုင်ပွဲ
၈:၂၀ ၈။ တေးဂီတအစီအစဉ်
၈:၄၀ ၉။ International News
၈:၄၅ ၁၀။ Local Talent

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ (၆၃)နှစ်မြောက်လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
၁၁:၂၀ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၁:၄၅ ၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂:၄၅ ၅။ Yan Can Cook
၁၃:၁၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြိုးတစ်မျှင်** (အပိုင်း-၃)
၁၄:၀၅ ၇။ **မဟော်သဓာ** (အပိုင်း-၁၄) (ပထမပိုင်း) အားသစ်၊ဇေလှဝ၊ ဇရာ၊ငှက်ပျောကြော်၊ရက်တယ်၊ ဇင်မျိုး၊ပပစိုးကြည်၊ငွမ်းပုံ၊ မျိုးမျိုးခိုင် (ဒါရိုက်တာ- စန္ဒရားသန်းဇော်)
၁၄:၃၀ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၁၄:၃၅ ၉။ လွတ်လပ်ရေးနေ့ဂုဏ်ပြု (ပြန်ကြားရေးဝန်ကြီးဌာန၊ နိုင်ငံတော်ဆိုင်းအဖွဲ့ ဖျော်ဖြေခန်း)
၁၄:၅၅ ၁၀။ International News
၁၅:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ မြူးမြူးကြွကြွယဉ်ကျေးမှု အက
၄:၂၀ ၃။ တေးဂီတအစီအစဉ်
၄:၃၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(မြန်မာစာအထူးပြု) (မြန်မာစာ)
၄:၄၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၅၅ ၆။ တေးဂီတအစီအစဉ်
၅:၁၀ ၇။ (၆၃)နှစ်မြောက်လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
၅:၂၅ ၈။ ချစ်စရာ့အရွယ်ကစားကြမယ်
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၁၅ ၁၀။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၁။ **ရန်ကုန်-မန္တလေးအလှမ်းမဝေး နေပြည်တော်-မန္တလေး နီးနီးလေး** (အပိုင်း-၂)
၆:၄၀ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **စမ်းရေပမာ** (အပိုင်း-၁၀)
၇:၄၀ ၁၃။ **သမိုင်းမော်ကွန်း ထွန်းသစ်ဝေ စည်မြန်မာပြည်** (နှစ်ဆယ့်လေး ဒေသတစ်ခွင်အလှဆင်ရောင်စုံ ပွင့်လန်းအလှပန်း (အပိုင်း-၂)
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ ကာတွန်းအစီအစဉ် **တောကောင်ငယ်သိုင်းညီနောင်လေးများ** (အပိုင်း-၈၇)
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဘဝမိုးတိမ်** (အပိုင်း-၂၃)
၁၉။ **ဂီတတံခါးလေးဖွင့်ပါဦး**

မြောက်ပိုင်းစွန်းဒေသများ၌ နေရာကွက်ကျားမိုးရွာနိုင်

နေပြည်တော် ဒီဇင်ဘာ ၃၁

ယနေ့နံနက် ၉နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဒီဇင်ဘာလ၏ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိလျော့နည်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

၂၀၁၁ခုနှစ် ဇန်နဝါရီ ၁ရက်ညနေအထိခန့်မှန်းချက်မှာ ကချင်ပြည်နယ်နှင့်တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် အများအားဖြင့်သာယာမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျားမိုးရွာနိုင်သည်။

နေပြည်တော်နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် စုစည်းသည်

ဘရာဇီးအရှေ့တောင်ပိုင်း၌ မုန်တိုင်းတိုက်ခတ် ၁၆ဦးသေဆုံး၊ လူပေါင်း၄၉၀၀ အိုးမဲ့အိမ်မဲ့ဖြစ်

ရီယိုဒီဂျနေးရိုး ဒီဇင်ဘာ ၃၁

ဘရာဇီးနိုင်ငံ အရှေ့တောင်ပိုင်း၌ ဒီဇင်ဘာ ၃၀ ရက်တွင် လေပြင်းမုန်တိုင်းတိုက်ခတ်(ဓါတ်ပုံ)မှုကြောင့် ၁၆ဦး သေဆုံးကြောင်း၊ ပြည်နယ် ၂၆ ပြည်နယ်ရှိ ဒေသခံပြည်သူ ၆၃၀၀၀တို့ မုန်တိုင်းဒဏ် ခံစားကြရပြီး လူဦးရေ ၄၉၀၀ခန့် အိုးမဲ့အိမ်မဲ့ဖြစ်ကြရကြောင်း ပြည်နယ်အာဏာပိုင်အဖွဲ့က သတင်းထုတ်ပြန်သည်။

မြေပြိုမှုဖြစ်ပွား

ယင်းမုန်တိုင်းဒဏ်ကြောင့် အက်စ်ပီရီတိုစန်တိုပြည်နယ်၌ ရေလွှမ်းမှုနှင့် မြေပြိုမှုဖြစ်ပွားရာ ငါးဦးသေဆုံးခဲ့ပြီး အခြားနှစ်ဦးမှာ ရေစီးထဲပါသွားသည်။ မီနာဂျီရီစ်ပြည်နယ်၌ မြေပြိုမှုကြောင့် ကလေးငယ်ငါးဦးနှင့် ဆယ်ကျော်သက်ရွယ်တစ်ဦးအပါအဝင် ၁၁ ဦးသေဆုံးခဲ့သည်ဟု မြို့ပြကာကွယ်ရေးအဖွဲ့က ပြောကြားသည်။ **(အင်တာနက်)**

အော်စလိုမြို့ ကျောက်မျက် အရောင်းဆိုင်၌ ပေါက်ကွဲမှုဖြစ်

အော်စလို ဒီဇင်ဘာ ၃၁

နော်ဝေနိုင်ငံမြို့တော် အော်စလို၌ ဒီဇင်ဘာ ၃၁ရက် နံနက်စောစောပိုင်းက ကျောက်မျက်ရတနာ အရောင်းဆိုင်ရှေ့၌ ပေါက်ကွဲမှုဖြစ်ပွားရာ ရတနာပစ္စည်းတချို့ ပျက်စီးဆုံးရှုံးခဲ့ကြောင်း ဒီဇင်ဘာ ၃၁ရက်တွင် မီဒီယာများက သတင်းထုတ်ပြန်သည်။

ချက်ချင်းရောက်ရှိ

ယင်းဖြစ်ပွားမှုသည် နော်ဝေဘုရင့်နန်းတော်မှ မီတာ ၂၀၀ခန့်ကွာဝေးသည့်နေရာရှိ ကျောက်မျက်ရတနာဆိုင် အရောင်းပြခန်းအဝင်ဝ တံခါးအနီး၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း**(အပေါ်ပုံ)**၊ အခင်းဖြစ်ပွားရာသို့ အော်စလို ရဲတပ်ဖွဲ့ဝင်များ ချက်ချင်းရောက်ရှိလာကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

ပေါက်ကွဲမှုသည် အကြမ်းဖက်တိုက်ခိုက်မှုကြောင့် မဖြစ်နိုင်ကြောင်း၊ ယင်းဖြစ်ပွားမှုနှင့် ပတ်သက်၍ သဲလွန်စများကို စုံစမ်းရှာဖွေလျက်ရှိကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။ **(အင်တာနက်)**

အမေရိကန်၌ မီးလောင် သုံးဦးသေဆုံး နှစ်ဦးဒဏ်ရာရရှိ

ဆန်ဖရန်စစ္စကို ဒီဇင်ဘာ ၃၁

အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမြို့ အရှေ့ဘက် ၁၃ကီလိုမီတာခန့်အကွာရှိ အောက်ကလန်မြို့၌ ဒီဇင်ဘာ ၃၀ ရက် နံနက်စောစောပိုင်းက မီးလောင်မှုဖြစ်ပွားစဉ်**(ယာပုံ)** လူသုံးဦးသေဆုံးပြီး နှစ်ဦး ဒဏ်ရာရရှိသွားသည်။

သေဆုံးခဲ့

ဒေသခံအာဏာပိုင်များ၏ ပြောကြားချက်အရ ယင်းနေ့ နံနက် ၁ နာရီ ၅၅မိနစ်ဝန်းကျင်တွင် မီးစတင် လောင်ကျွမ်းခဲ့ကြောင်း၊ မီးသတ်ရဲဘော်များက ဒုတိယထပ်၌ ပိတ်မိနေသည့် အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦးနှင့် ကလေးတစ်ဦးကို ဆွဲထုတ်ကယ်ဆယ်ပြီး ဆေးရုံသို့တင်ပို့ရာ ဆေးရုံအရောက်၌ သေဆုံးခဲ့သည်ဟု သိရသည်။ ထိုအဆောက်အအုံအတွင်းမှ လေးဦးကို ကယ်ထုတ်နိုင်ကြောင်း မီးသတ်အရာရှိတစ်ဦးက ပြောကြားသည်။ **(အင်တာနက်)**

လွတ်လပ်ရေးနေ့ ကြိုဆိုဂုဏ်ပြု

ကတ္တရာလမ်းသစ်များဖွင့်



ကျိုက်မရောမြို့နယ် မေတ္တာကမ္ဘဋ္ဌာန်းကျောင်းလမ်း ကတ္တရာလမ်းသစ်ကို ဒီဇင်ဘာ ၂၄ ရက်တွင် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်နိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန့်ဇင်နှင့် ရပ်မိရပ်ဖ ဦးဇော်လွင်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ထီးချိုင့်မြို့နယ် ကိုယ့်မင်းကိုယ့်ချင်းလမ်း ကတ္တရာလမ်းသစ်ကို ဒီဇင်ဘာ ၂၆ ရက်တွင် မြို့နယ်ဥက္ကဋ္ဌ ဦးတင်ညွန့်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်မင်းကြိုင်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

နွားထိုးကြီးမြို့နယ် အမှတ်(၇)ရပ်ကွက်ရှိ ကတ္တရာလမ်းသစ်ကို ဒီဇင်ဘာ ၃၀ ရက်တွင် မြို့နယ်ဥက္ကဋ္ဌ ဦးဉာဏ်မျိုးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကံချွန်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ကျိုက်ထိုမြို့နယ် သုခလမ်း ကတ္တရာလမ်းသစ်ကို ဒီဇင်ဘာ ၂၇ ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးတင်အောင်ဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်ကြည်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေထက်ရှိန်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

အုတ်တွင်းမြို့နယ် မဲကုန်းရပ်ကွက် မိုးကောင်းကတ္တရာလမ်းသစ်ကို ဒီဇင်ဘာ ၂၆ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသိန်းအောင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခိုင်ထွန်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၃၁၆)

တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇော

ဟိုပန်မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၃၁

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်ဇောသည် ဒီဇင်ဘာ ၂၂ရက်က ဟိုပန်-မန်မိန်းဟုန်-ပန်လုံလမ်းဖောက်လုပ်ရေး စီမံကိန်းသို့ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက လမ်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ တိုင်းမှူးသည် ပန်လုံတိုက်နယ်ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေး၍ အလှူငွေများ ပေးအပ်လှူဒါန်းသည်။ ထို့နောက် ဆေးရုံသစ်တည်ဆောက်ရေး စီမံကိန်းသို့ရောက်ရှိရာ တာဝန်ရှိသူများက ဆေးရုံတည်ဆောက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက ဆေးရုံသစ်တည်ဆောက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စီးပွားရေးလုပ်ငန်းဆိုင်ရာသင်တန်း ဖွင့်မည်

ရန်ကုန် ဒီဇင်ဘာ ၃၁

WISE International School For Executives က စီးပွားရေးလုပ်ငန်း ဆက်ဆံမှုနည်းလမ်း လက်တွေ့အသုံးချသင်တန်း (Certificate in International Business Communication)ကို ဇန်နဝါရီ ၄ရက်တွင် ထပ်မံဖွင့်လှစ်မည်ဖြစ်ရာ Business Owner များ၊ Management Executives, Admin Manager, HR Manager, BDM, Marketing Manager, Project Manager နှင့် စိတ်ပါဝင်စားသူများ တက်ရောက်သင့်ပြီး Workgroup Presentation များလုပ်ခြင်း၊ Group Discussion များ၊ Brain Storming Section စသည့် သင်တန်းသား အခြေပြုသင်ကြားမှုပုံစံများဖြင့် အတွေ့အကြုံရှိ ဝါရင့်ဆရာမကြီးက အထူးသင်ကြား ဆွေးနွေးသွားမည်ဖြစ်သည်။

သင်တန်းကာလမှာ ၁၀ရက် ကြာမြင့်မည်ဖြစ်ပြီး သင်တန်းကြေးမှာ ငွေကျပ် ၅၀၀၀၀ဖြစ်ကာ Member များအား သင်တန်းကြေး ၄၀ရာခိုင်နှုန်း လျှော့၍ ခံစားခွင့်ပေးမည်။ သင်တန်းချိန်မှာ ညနေ ၅နာရီခွဲမှ ည ၇နာရီခွဲအထိ ဖြစ်သည်။

ဖွင့်လှစ်မည်

အသေးစိတ်အချက်အလက်များကို WISE International School For Executives အခန်းအမှတ် (၁၀၀၉) ၁၀ထပ် ယုဇနတာဝါ ကမ္ဘာအေးစေတီလမ်းနှင့် ရွှေဂုံတိုင်လမ်းဆုံ ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၀၁-၅၅၆၁၈၃နှင့် ၀၉-၅၁၅၇၀၃၂တို့သို့ ဆက်သွယ်စုံစမ်းကာ ကြိုတင်စာရင်းပေးနိုင်သည်။ Member အသင်းဝင် လိုသူများလည်း ဆက်သွယ်စုံစမ်းနိုင်ကြောင်းနှင့် လစဉ် Management သင်တန်းများ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကော့မှူးမြို့နယ် ကျေးရွာစာကြည့်တိုက်များသို့

စာအုပ် စာစောင်နှင့် မီဒီယာပစ္စည်းများ လှူဒါန်း

ကော့မှူး ဒီဇင်ဘာ ၃၁

ကော့မှူးမြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များသို့ စာအုပ် စာစောင် ပရိဘောဂများနှင့် မီဒီယာပစ္စည်းများ စုပေါင်းလှူဒါန်းပွဲကို ကော့မှူးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၁၅ရက် မွန်းတည့် ၁၂နာရီက ကျင်းပရာ အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးညီညီဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်မြင့်မြင့်ရွှေက ကျေးရွာစာကြည့်တိုက်များ စံ(၅)ချက်ပြည့်မီရေးနှင့် လှူဒါန်းရသည့်အကြောင်း ရှင်းလင်းဆွေးနွေးသည်။ လှူဒါန်းပွဲတွင် ၁၉ လက်မ ရောင်စုံ TV တစ်လုံး ငွေကျပ် ၇၀၀၀၀တန်ဖိုးအား မြို့နယ်သာသနနုဂ္ဂဟအဖွဲ့ဥက္ကဋ္ဌက ပေးအပ်လှူဒါန်းပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ငွေကျပ် ၃၀၀၀၀တန်ဖိုးရှိ EVD တစ်လုံး၊ အလှူရှင်များနှင့် ဌာနဆိုင်ရာများက ရေဒီယို ၃၅လုံး၊ စားပွဲခုံ သုံးလုံး၊ ထိုင်ခုံ ၃၅ လုံး၊ နာရီ နှစ်လုံး၊ သုတ ရသစာအုပ်မျိုးစုံ ၃၂၃၀ စုစုပေါင်း ကာလတန်ဖိုး ငွေကျပ် ၂၀၈၉၀၀၀ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

မိုးစပါးအထွက်နှုန်းမှန်ကန်ရေး

တောင်သာမြို့နယ်၌ စံကွက်ရိတ်သိမ်း

တောင်သာ ဒီဇင်ဘာ ၃၁

တောင်သာမြို့နယ် ကျောဇီ လျှပ်စစ်မြစ်ရေတင် ရေသောက်ဒေသ တစ်မိုက်သာကျေးရွာအုပ်စု ကွင်းအမှတ်(၈၄၈)၊ ဦးပိုင်အမှတ်(၅၆) တောင်သူ ဦးစန်းယုနှင့် ဦးပိုင်အမှတ်(၂၂၇) တောင်သူ ဦးခင်မောင်သန်းတို့ စိုက်ပျိုးထားသည့် ဆင်းသုခစပါးစိုက်ခင်းတွင် မြင်းခြံခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတင်ထွန်း၊ ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးတင်ဝင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒေါ်မွေးမွေးကို၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးသန်းရွှေနှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဒေါ်သန်းသန်းအုံးနှင့် ဝန်ထမ်းများ၊ ကျောဇီလျှပ်စစ်မြစ်ရေတင်လုပ်ငန်းဦးစီးအရာရှိ ဦးစန်းဝင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်ဆည်မြောင်းဦးစီးအရာရှိ ဦးမျိုးအောင်၊ စပါးစိုက်တောင်သူများအဖွဲ့တို့က မိုးစပါးအထွက်နှုန်း မှန်ကန်ရေးအတွက် စံကွက်ရိတ်သိမ်းခြင်း လုပ်ငန်းကို ဆောင်ရွက်ခဲ့ကြသည်။ **(အောက်ပုံ)**

ထွက်ရှိ

စံကွက်ရိတ်သိမ်းသည့် တောင်သူ ဦးစန်းယု၏ ဆင်းသုခစပါး မျိုး (ကောင်း)စိုက်ခင်းမှ တစ်ဧကအထွက်နှုန်း ၉၀ဒသမ၄၇တင်း၊ တောင်သူ ဦးခင်မောင်သန်း၏ ဆင်းသုခစပါးမျိုး (သင့်) စိုက်ခင်းမှ တစ်ဧကအထွက်နှုန်း ၈၄ဒသမ ၄၄တင်းနှုန်း ထွက်ရှိကြောင်း သိရှိရသည်။

(မြို့နယ်စိုက်ပျိုးရေး)

ရေပိုက်လိုင်းများ သွယ်တန်း

မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဟဲလုံကျေးရွာ ရေပေးရေးလုပ်ငန်းအတွက် ရေပိုက်လိုင်းများ သွယ်တန်းခြင်းကို ဒီဇင်ဘာ ၂ရက်က လက်ထောက်အင်ဂျင်နီယာ ဦးမျိုးအေးလွင် ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၈) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနား တက်ရောက်မိန့်ခွန်းပြောကြား

နေပြည်တော် ဒီဇင်ဘာ ၃၁

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၈) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တက်ရောက်မိန့်ခွန်းပြောကြားသည်။

စာမျက်နှာ ၅ ကော်လံ ၁ ◆

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၈) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် သင်တန်းတပ်ခွဲများကို စစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း
(၆၃)နှစ်မြောက်
လွတ်လပ်ရေးနေ့ကြီးဆိုဂုဏ်ပြု

❖ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်လာသော အခြေခံအဆောက်အအုံများ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ
သတင်း-ဓာတ်ပုံ စာ-၆၊ ၇

❖ နိုင်ငံတော်သစ်တည်ဆောက်ရေး အစီအစဉ် (လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ကာကွယ်စောင့်ရှောက်ရေး)
မြင့်မောင်(Phil.Q)၏ ဆောင်းပါး စာ- ၈၊ ၉

❖ လွတ်လပ်ရေးနေ့ အတွေးများ
မျိုးမြတ်မြတ်မြင့်မောင်၏ ကဗျာ စာ-၈

❖ ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ဆောင်ရွက်
နိုင်ဆု၏ ကာတွန်း စာ-၉